ပဋ္ဌိတာနဉ္စ သေဝနာ ဧတံမင်္ဂလမုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၀)၊ အမှတ်(၁၆၂)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သဘာပတိအဖြစ် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဦးသင်းလှိုင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စိုးလေး၊ ကချင်ရိုးရာယဉ်ကျေးမှုနှင့် အဆိုအကအဖွဲ့နာယက ဒေါ်ရှုဒေါင်ခေါန်တောင်၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင် ဒေါ်တင်တင်ဌေးနှင့် ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စု စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင် ဦးစွဲငွင်းတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို နိုင်ငံတော်၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးနှင့်ယှဉ်ပြီးချမှတ်ပေးခဲ့ ချမှတ်ပေးခဲ့မှုများသည် နိုင်ငံနှင့်ပြည်သူများအတွက် အသင့်တော်ဆုံး၊ အဆီလျော်ဆုံး၊ လက်တွေ့အကျဆုံး မူဝါဒလမ်းစဉ်များဖြစ် မူဝါဒလမ်းစဉ်အဆင့်ဆင့် စနစ်တကျဖော်ဆောင်နိုင်မှသာ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ်ရောက်ရှိမည် မိမိနှင့်အပ်စပ်သည်၊ မအပ်စပ်သည်မသိ မျက်စိမှိတ်ပြီး ပုံတူကူးချသောဒီမိုကရေစီမျိုးကို မည်သို့မျှလက်မခံနိုင်

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနား–ဆွမ်ပရာဘွမ်သွား ပြည်ထောင်စုလမ်းမကြီးနံဘေးရှိ ငြိမ်းချမ်းသာယာအားကစားကွင်း၌ တစ်ခဲနက်စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (အောက်ပုံ)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ကချင်အထူးဒေသ(၁)မှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ကချင်အထူးဒေသ(၂)မှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ကချင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များအသင်း၊ ရှေ့နေများအသင်း၊

ကျောဖုံးသို့



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း အောင်မြင်ဖြစ်ထွန်းရေးကြိုးပမ်း

ယနေ့အချိန်အခါသည် ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းနေသော အချိန်အခါဖြစ်သည်။ ကိုယ်ပိုင် အမျိုးသားရေး စွမ်းအားဖြင့် တစ်မျိုးသားလုံးက တက်ညီလက်ညီ အားထုတ်ဆောင်ရွက်နေသော အချိန်ကာလဖြစ်သည်။

အမျိုးသားရေးစွမ်းအားစုများ၏ အခြေခံအကျဆုံး စွမ်းအားစုများမှာ ကျောင်းသူကျောင်းသား လူငယ်လူရွယ်များဖြစ်ကြသည်။ ထို့ကြောင့် လူငယ်လူရွယ်များ၏ စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာလာစေရေးကို လေ့ကျင့်ပျိုးထောင် ပေးကြရမည်ဖြစ်သည်။

အထူးသဖြင့် ကျောင်းသူ ကျောင်းသား လူငယ်လူရွယ်များအကြား နိုင်ငံချစ်စိတ်ဓာတ်များ လွှမ်းခြုံရှင်သန်ခိုင်ကျည် နေရမည် ဖြစ်သည်။ မျိုးချစ်စိတ်နှင့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အကျိုးစီးပွားကို မြှင့်တင်ပေးလိုသည့်စိတ်ဓာတ် အစဉ်တိုးပွားဖြစ်ထွန်းလာစေရန် လိုအပ်ပေသည်။

နိုင်ငံတော်က တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဟူသည့် အမျိုးသားရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးကို ဦးတည်ရည်မှန်းသည်။ ပညာရည်မြင့်မားပြီး အမျိုးသားရေးစိတ်ဓာတ် ခိုင်မာရင့်သန်သည့် နိုင်ငံသူ နိုင်ငံသားများဖြစ်လာစေရန် ပညာရေးမြှင့်တင်မှု စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလ ၂၁ ရက်နေ့က အခြေခံပညာ ဆရာ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်(၁၉) သင်တန်းဆင်း အခမ်းအနားကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားရာတွင် –

“ဆရာ ဆရာမများဘက်ကလည်း ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများက မွေးမြူပျိုးထောင်ပေးလိုက်သည့် အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေး အတွေးအခေါ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကို လက်တွေ့ဘဝ၌ထင်ဟပ်ပြီး နိုင်ငံတော်၏ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်အောင် ကျောင်းသူ ကျောင်းသား တပည့်များကို နိုင်ငံတော်၏လိုလားချက်နှင့်အညီ ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်စေရန် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း”

ပြောကြားသွားသည်။

ယနေ့နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာရပ်များ အရှိန်အဟုန်ဖြင့်တိုးတက်ပြောင်းလဲလျက်ရှိသည်။ ယင်းသို့ တိုးတက်ပြောင်းလဲမှုများက ကမ္ဘာကြီး၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍအသီးသီးကို လွှမ်းခြုံရိုက်ခတ်လျက်ရှိသည်။ လူ့ယဉ်ကျေးမှု တိုးတက်ဖြစ်ထွန်းမှု သမိုင်းကြောင်းကို ထူးထူးခြားခြား ဖြစ်ပေါ်စေလျက်ရှိကြောင်း တွေ့မြင်နေရသည်။

ယင်းသို့ ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှုများ ကျယ်ပြန့်မြန်ဆန်စွာ ဖြစ်ပေါ်နေသည့် အချိန်အခါမျိုးတွင် အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ် လေ့လာသိရှိထားရန် လိုအပ်သည်။ တိုးတက်ဖြစ်ပေါ်လျက်ရှိသည့် သိပ္ပံနှင့် နည်းပညာရပ်များကို မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ရယူအသုံးပြုနိုင်မည့် အစီအမံများကို ကြိုတင်စီမံဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပညာရေးပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေစွာ စီမံဆောင်ရွက်လျက်ရှိသည်။ မိမိနိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းရေးကို အမှန်တကယ်စွမ်းဆောင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာစေရန် ကျောင်းသူ ကျောင်းသားလူငယ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းမှုနှင့်အညီ အနာဂတ်ကာလ၌ ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် အရည်အချင်းများ ပြည့်ဝနေစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိသည်ကိုတွေ့မြင်ရသည်။

သို့ဖြစ်ရာ ဆရာ ဆရာမများအားလုံးက အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကထိန်သင်္ကန်း ကပ်လှူမည်

ရန်ကုန် စက်တင်ဘာ ၂၈

ခေတ္တရာအသင်း ရန်ကုန်မြို့ (ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊သဲကုန်း၊ပေါင်းတည်)က ကြီးမှူး၍ ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ ဗိမာန်ကျောင်းတိုက် ပဓာန နာယကဆရာတော် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသ အမှူးပြုသော သံဃာတော်များအားကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီခွဲတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက် ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်မိသားစုများသည် ဦးသန်းထွန်းဖုန်း– ၃၇၅၅၃၁၊ ဦးဌေးအောင် ဖုန်း– ၂၄၆၄၉၅၊ ၅၀၃၆၆၇၊ ဦးတင်ထွန်း ဖုန်း–၅၁၀၂၁၅၊ ဦးဘိုနီ ဖုန်း– ၇၀၉၀၄၅၊ ဦးခင်မောင်ဘို ဖုန်း– ၆၅၁၉၃၈၊ ဒေါ်ဝင်းဝင်း ဖုန်း– ၂၁၂၇၁၅တို့ထံ ဆက်သွယ် စုံစမ်း လှူဒါန်းနိုင်သည်။ **(က–ပ)**

ရန်ကင်းမြို့နယ်အရှေ့ရန်ကင်းတိုက် ၃၁၁/၁၆နေ ဦးခင်မောင်–ဒေါ်တင်တင်နွယ်၊ (သမီး) မစန္ဒာမောင်၊ (သား) မောင်တင်မောင်လတ်၊ မောင်ရူဝံ မိသားစုက ဒေါ်တင်တင်နွယ်မွေးနေ့ အထိမ်းအမှတ်ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တောင်းဆု ဤသို့ပြုပါသည်

❋ အင်အားရှိတိုင်း၊ ထင်ရာစိုင်းလျှင်
အရိုင်းသွင်သာ၊ ပေါ်လွင်ပါ၏။

❋ စာနာမထောက်၊ လူတစ်ယောက်၏
စိတ်နောက်ကိုယ်ပါ၊ ပြုမူတာကြောင့်
ပူဗျာဆင့်ကဲ၊ အကျိုးနည်းကြ
ဘဝဖုံဖုံ၊ အလုံးစုံကို
ဇာတ်ခုံအီရတ်၊ သူ့ဖြစ်ရပ်က
ဖော်ပြနေတာ၊ သင်ခန်းစာ။

❋ အဖျက်လုပ်တာ၊ လွန်လွယ်ပါလည်း
ပြန်ကာတည်ဆောက်၊ ပုံမှန်ရောက်ဖို့
ဘယ်လောက်ခက်ခဲ၊ အီရတ်ပွဲက
ကမ္ဘာ့တွက်တာ၊ သင်ခန်းစာ။

❋ ဤသင်ခန်းစာ၊ ဖော်ထုတ်ကာဖြင့်
နောင်ခါဤနယ်၊ လူ့ရပ်နယ်တွင်
မတွေ့မြင်ရ၊ မကြားရရန်
အဓိဋ္ဌာန်ဖြင့်၊ ရည်သန်စိတ်ထား
ခေါင်းဆောင်များ၏၊ စွမ်းသတ္တိဖြင့်
လူ၏သိက္ခာ၊ မြင့်မားစွာဖြင့်
လူ့ရွာလူပြည်
ဝပြောစည်လျက်၊ စဉ်ဆက်ငြိမ်းချမ်း
အဝန်းကမ္ဘာ၊ ဖြစ်တည်လာအောင်
ကြံဆောင်ကြိုးပမ်းနိုင်ကြပါစေသတည်း။ ။

မိုးဝ

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်နှင့် တာဝန်ရှိသူများ စက်တင်ဘာ၂၇ရက်ကမှော်ဘီမြို့နယ်ညောင်နှစ်ပင်ဒေသ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်စည်ပင်)

(၇၈)ကြိမ်မြောက်သွေးလှူ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်မြို့၊ ဗဟန်း ၃ လမ်း၊ အမှတ် ၄၁ နေ စာပေဗိမာန်စာမူဆုရ စာရေးဆရာ စမ်းမောင်မောင်မြင့် (လူမှုထူးချွန်–ပထမဆင့်)သည်စက်တင်ဘာ ၂၃ရက်က ဗဟိုအမျိုးသား သွေးလှူဘဏ်၌(၇၈)ကြိမ်မြောက်သွေးလှူဒါန်းသည်။ **(ယာပုံ)** **(က–ပ)**

ဝိုင်အမ်ဘီအေအသင်း နှစ်တစ်ရာပြည့်မဂ္ဂဇင်းထွက်မည်

ရန်ကုန် စက်တင်ဘာ ၂၈

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ် (ရာပြည့်စာစောင်) မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ရဟန်းရှင်လူများသည် ကဗျာ၊ဝတ္ထု၊ဆောင်းပါး၊စာမူများနှင့် နှစ်(၁၀၀)အတွင်း (YMBA) မှတ်တမ်းဓာတ်ပုံများကို ဦးစိန်သန်း အထွေထွေအတွင်းရေးမှူး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အမှတ် ၇၇၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်ထံသို့ ပေးပို့နိုင်ကြောင်းနှင့် ဖုန်း–၂၉၀၄၀၉သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စမ်းသပ်ကတ္တရာလမ်းခင်း

ရန်ကုန် စက်တင်ဘာ ၂၈

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေနှင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးတို့ လိုက်ပါလျက် စက်တင်ဘာ ၆ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကိုးသောင်းအောင်ဆန်း ပြည်သာယာလမ်းတွင် စမ်းသပ်ကတ္တရာဖြင့် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

သာစုပရိယတ္တိစာသင်တိုက်ရွှေညဝါပညာ့ဗိမာန်သုံးထပ်ကျောင်းဆောင်မင်္ဂလာပန္နက်တော်တင် ရတနာအုတ်မြစ်တော်စီနှင့်အလှူတော်ငွေပေးအပ်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ်တက်ရောက်ကြည်ညို

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကြည့်မြင်တိုင်မြို့နယ်ရှိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ကြီးကြပ်အုပ်ချုပ်သော သာစုပရိယတ္တိစာသင်တိုက် ရွှေညဝါပညာ့ဗိမာန် သုံးထပ်ကျောင်းဆောင် မင်္ဂလာပန္နက်တော်တင် ရတနာအုတ်မြစ်တော်စီ အခမ်းအနားတွင် ပန္နက်တော်တင်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြီးကြပ်အုပ်ချုပ်သော သာစုပရိယတ္တိစာသင်တိုက် ရွှေညဝါပညာ့ဗိမာန် သုံးထပ်ကျောင်းဆောင် မင်္ဂလာပန္နက်တော်တင်၊ ရတနာအုတ်မြစ်တော်စီနှင့် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ရတနာအုတ်မြစ်တော် စီထားပေးသည်။

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ ဖြစ်တော်မူကြသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသတို့ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိုင်း သံဃနာယက ဆရာတော်များနှင့် ကြည့်မြင်တိုင်မြို့နယ် သံဃနာယက ဆရာတော်များ၊ သာစုပရိယတ္တိ စာသင်တိုက်မှ ပဓာန နာယက ဆရာတော်နှင့် တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ရွှေညဝါဥပဌာက အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာန တိုင်းသာသနာရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရတနာအုတ်မြစ်တော်စီ

ရှေးဦးစွာ ရွှေညဝါပညာ့ဗိမာန်သုံးထပ်ကျောင်းဆောင်ရတနာအုတ်မြစ်တော်စီ အခမ်းအနား မကျင်းပမီ ရတနာအုတ်မြစ်တော်များကိုဒေဝါဝင်းခင်း၍ ရတနာအုတ်မြစ်တော်ကျင်းသို့ သယ်ဆောင်ကြပြီး အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေပန္နက်ရိုက်ပေးပြီး နဝရတ်ကိုးပါးရတနာငွေကြုတ်ကို အုတ်မြစ်တော်၏ အလယ်ဗဟို၌ ထည့်သွင်းပေးသည်။ ဆက်လက်၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က ပထဝီဇယမန္တန်ကို ရွတ်ဆိုသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများက အရပ်ရှစ်မျက်နှာရှိ သတ်မှတ်နေရာ အသီးသီးတို့၌ ရတနာအုတ်မြစ်တော်များကို ပြိုင်တူစီထားပေးကြပြီး ရတနာကမ္ပည်းကျောက်စာတော်ကို ရတနာအုတ်မြစ်တော်၌ ထည့်သွင်းမြှုပ်နှံပေးကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထိုအချိန်တွင် သီရိသုဓမ္မမဏိဇောတဓရ တံကြား ဦးသန်းလှက စိန္တာမဏိ ဂါထာတော်ဖြင့် ရွတ်ဆိုပူဇော်သည်။

ထို့နောက် ရတနာအုတ်မြစ်တော်စီ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အလှူတော်ငွေပေးအပ်

ယင်းနောက်ရွှေညဝါပညာ့ဗိမာန် သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို အောင်သုခမ္မာရုံကြီးအတွင်း၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယက ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများအား နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူးနှင့် ဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူရှင်များ ဖြစ်ကြသော နိုင်ငံတော်နှင့် အများပြည်သူတို့က ငွေကျပ်သိန်း ၃၀၀၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက်တို့က ငွေကျပ်သိန်း ၁၅၀၊ ACE ကုမ္ပဏီမိသားစုမှ သီဟသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်း– ဒေါက်တာဒေါ်ဌေးဌေးငြိမ်းတို့က ငွေကျပ်သိန်း ၅၀၊ ဦးထွန်းဝင်း(ခ) ဦးအာဝါး–ဒေါ်စန်းစန်းမော်မိသားစုတို့က ငွေကျပ်သိန်း ၃၀၊ ဦးမြမောင်–ဒေါ်စိန်စိန်မြင့်၊ ဦးသန်းဝင်း–ဒေါ်နုနုလွင်နှင့် သားများ၊ ဒေါ်ဟန်၊ ဒေါ်ရီရီနှင့် ဒေါ်ကြည်ကြည်တို့က ငွေကျပ်သိန်း ၂၀ စီ၊ သခင်လှကျွေ (နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)–ဒေါ်ကလေးမတို့အား ရည်စူး၍ တို့ဗမာသစ်ဆိုင်မှ ဦးအောင်နိုင်–ဒေါ်အေးစန္ဒာမိသားစုတို့က ငွေကျပ် ၁၅ သိန်း၊ ဦးကြည်လေး–ဒေါ်ရီရီညွန့်မိသားစုတို့က ငွေကျပ်ခုနစ်သိန်း၊ အောင်သိန်းသစ်ဆိုင်မှ ဦးနှင်းစိန်–ဒေါ်မြညိမ်းမိသားစု၊ ရှိုင်းဟုတ်ကုမ္ပဏီမှ မိခင်ကြီးဒေါ်စန်းရီနှင့် ဒေါက်တာဒေါ်ခင်ရီ၊ စိန်နှင့်စမ်းကုမ္ပဏီမှ သီရိသုဓမ္မမဏိဇောတဓရ ဦးစိန်လှဝင်း–ဒေါ်ဖြူဖြူခင်မိသားစု၊ ဦးနိုင်ဦးနှင့် ဒေါ်အေးအေးစန်းမိသားစုနှင့် ဒေါ်အေးမြနွယ်တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးသန်းမြင့်–ဒေါ်သိန်းသိန်း သားသမီးမြေးတစ်စု၊ဦးလှဆင့်–ဒေါ်မြင့်မြင့်ခင် မိသားစု၊ ဦးသန်းထွန်း–ဒေါ်ဝင်းဝင်းတင် မိသားစုနှင့် ဒေါ်ကြင်ယုံမိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်–ဒေါ်တင်တင်ဝေ မိသားစုနှင့် တံကြားဦးသန်းလှမိသားစုတို့က ငွေကျပ်နှစ်သိန်းစီ အပါအဝင် အလှူရှင် ၉၂ ဦးတို့က စုစုပေါင်းငွေကျပ် ၇၁၃၁၆၇၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လက်ခံကြပြီး ထုတိ အနုမောဒနာ မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေမိုးငွေမိုးရွာသွန်းဖြိုး

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသက အနုမောဒနာနှင့် ရေစက်ချတရား ဟောကြား ချီးမြှင့်တော်မူရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရွှေညဝါပညာ့ ဗိမာန်သုံးထပ်ကျောင်းဆောင်တော် ဆောက်လုပ်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

အဆိုပါအခမ်းအနားများမစတင်မီ နံနက်ပိုင်းတွင် ရွှေညဝါပညာ့ဗိမာန် သုံးထပ်ကျောင်းဆောင် မင်္ဂလာပန္နက်တင်အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၉–၉–၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၄:၅၅ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)တတိယနှစ်(ပထဝီဝင်) (ခ)ဒုတိယနှစ်(အင်္ဂလိပ်စာ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဆန်းတဲ့ ချစ်ပန်းဝတ်ရည်"** (အပိုင်း–၁၉)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ (၃၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း **"အဖြူရင့်ရောင် ဆောင်းရာသီ"**(အပိုင်း–၁) ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် သရုပ်ဆောင်–နိုင်းနိုင်း၊ စိုးမြတ်နန္ဒာ၊ မျိုးသန္တာထွန်း
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

အင်အားပြင်းမြေငလျင်လှုပ်

ရန်ကုန် စက်တင်ဘာ ၂၈

စက်တင်ဘာ ၂၇ ရက် မြန်မာစံတော်ချိန် ၁၈နာရီ ၁၀မိနစ် ၂၀စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၂၃၄၀ မိုင်ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

မြန်မာ့ရုပ်မြင်သံကြား

၂၉–၉–၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း စွမ်းဆောင်သယ်ပိုးပြည်ခိုင်ဖြိုး (တင်ဦးလေးနှင့်အဖွဲ့)
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ရွှေလောင်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
၁၆:၄၅ ၄။ လက်ဆင့်ကမ်းပေးဂီတတေး
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒ၊ အထူးပြု) [ဓာတုဗေဒ]
၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၁၅ ၇။ တေးဂီတအစီအစဉ်
၁၇:၃၀ ၈။ အကပဒေသာ
၁၇:၄၅ ၉။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အခြေခံပညာ ၁၀–၁၅နှစ်) (အမျိုးသား၊ အမျိုးသမီး)
၁၈:၁၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈:၁၅ ၁၁။ Discovery –ဒို့ပြည်ခိုင်ဖြိုး (လေးလေးဝါး၊သက်ငုံဖူး)
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Milo Success in Soccer
၁၉:၁၀ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉:၂၀ ၁၆။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၇။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၄၅ ၁၈။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆွေးနွေးခန်း (အတီးပြိုင်ပွဲ)[ဒုံမင်း၊မယ်ဒလင်] –ရွှေမြန်မာခေတ်သစ်တည် (စိမ်းမိုးမိုး၊လှလှတိုး)
၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟိုတယ်ချစ်သူ"**(အပိုင်း–၁၈)

ကုလသမဂ္ဂအထွေထွေညီလာခံတွင် အမေရိကန်အား ရုရှားသမ္မတ ဝေဖန်ပြောကြား ကုလထောက်ခံမှုမရဘဲ စစ်တိုက်ခိုက်ရေး အမေရိကန်၏ရပ်တည်ချက် သမ္မတပူတင် အပြစ်တင် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ကုလတိုက်ရိုက်ပါဝင်ရန် ရုရှားနိုင်ငံတောင်းဆို ကုလတိုက်ရိုက်ပါဝင်ခြင်းဖြင့်သာ အီရတ်အနာဂတ်ရေးကို အီရတ်ပြည်သူတို့ဆုံးဖြတ်နိုင်မည်

ကုလသမဂ္ဂ၏အခန်းကဏ္ဍ အထူးအရေးကြီး

ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားနိုင်ငံအနေဖြင့် ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် ကုလသမဂ္ဂက ဦးဆောင်မှုအခန်းကဏ္ဍမှ ဆက်လက်ဆောင်ရွက်သွားရမည်ဟုယူဆထားကြောင်း၊ ထို့အပြင် ပဋိပက္ခအခြေအနေများကို ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂ၏ အခန်းကဏ္ဍအထူးအရေးကြီးကြောင်း၊ ဤသည်ပင်လျှင် မိမိတို့ ရွေးချယ်ကျင့်သုံးသည့် သဘောထားဖြစ်သည့်အပြင် မိမိတို့၏ အခြေခံရပ်တည်ချက်လည်းဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ကုလသမဂ္ဂ စက်တင်ဘာ ၂၇

ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားသော ရုရှားသမ္မတ ဗလာဒီမာပူတင်၏ မိန့်ခွန်းပါ အချက်အလက်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အီရတ်အရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများကို အဆုံးသတ်ရန် ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် ကြိုးပမ်းခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် သဘောထားကွဲလွဲမှုများ တစ်နေ့တခြားတိုးပွားလာချိန်၌ အီရတ်နိုင်ငံမှ ကုလသမဂ္ဂဝန်ထမ်းများ ရုပ်သိမ်းသွားရန် ကုလသမဂ္ဂကရွေးချယ်လိုက်စဉ် ယခုကဲ့သို့ ကြိုးပမ်းခြင်းဖြစ်သည်။

ယခုသီတင်းပတ်အတွင်း ကုလသမဂ္ဂအထွေထွေညီလာခံတွင် အမေရိကန်ပြည်ထောင်စုအား ရုရှားသမ္မတပူတင်ကဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ ရုရှားသမ္မတပူတင်သည် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ အမေရိကန်ကို အပြင်းထန်ဆုံး ဝေဖန်ခဲ့သူဖြစ်သည်။

ရုရှားသမ္မတပူတင်သည် ပြင်သစ်နှင့်ဂျာမနီတို့၏ စုပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောထားရပ်တည်ချက်အတိုင်း တစ်ထပ်တည်း ပြောဆိုပြီး ကုလသမဂ္ဂ ထောက်ခံမှုမရဘဲ စစ်တိုက်ခိုက်ရေးကိစ္စနှင့် ပတ်သက်၍ အမေရိကန်၏ ရပ်တည်ချက်ကို ပြစ်တင်ဝေဖန်သည်။ သို့ရာတွင် အီရတ်နိုင်ငံ၌ ကုလသမဂ္ဂ၏အခန်းကဏ္ဍပိုမိုရရှိရေး လျော့ပါးသွားအောင် အမေရိကန်၏ ကြိုးပမ်းချက်ကို ပူတင်က အလေးအနက်ပြောဆိုခြင်းမပြုဘဲနေသည်။

ရုရှားသမ္မတပူတင်သည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂတိုက်ရိုက်ပါဝင်ရန်တောင်းဆိုပြီး ကုလသမဂ္ဂအတည်ပြုချက်မရရှိဘဲ အီရတ်နိုင်ငံတွင် စစ်ပွဲဆင်နွှဲခဲ့သည့် အမေရိကန်၏ လုပ်ဆောင်ချက်ကို ကြာသပတေးနေ့တွင် ဝေဖန်ခဲ့သည်။ အီရတ်ပြန်လည်တည်ဆောက်ရေးကိစ္စတွင် ကုလသမဂ္ဂ တိုက်ရိုက်ပါဝင်ခြင်းသည်သာ အီရတ်ပြည်သူများအနေဖြင့် အီရတ်၏ အနာဂတ်အရေးကို သူတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်လိမ့်မည်ဆိုသည့် အချက်မှာ ရုရှားနိုင်ငံ၏ မပြောင်းလဲသော တိကျရှင်းလင်းသည့် သဘောထားရပ်တည်ချက်ဖြစ်သည်ဟုလည်း ပူတင်က ပြောသည်။

ဤသို့ ဆောင်ရွက်ခြင်းသည်သာ လက်တွေ့ကျသော ဆောင်ရွက်ခြင်းဖြစ်သည်ဟု မိမိအလေးအနက်ထား ပြောကြားလိုကြောင်း၊ အီရတ်နိုင်ငံ၏ စီးပွားရေးနှင့် အရပ်ဘက်ပြုပြင်ပြောင်းလဲရေးတွင် ကုလသမဂ္ဂကလက်တွေ့ကျကျအကူအညီပေးရန်လိုကြောင်း၊ ထိုသို့ အကူအညီပေးမှသာလျှင် ကမ္ဘာ့မိသားစုနိုင်ငံများအတွင်း အီရတ်တို့ ထိုက်ထိုက်တန်တန် နေရာသစ်ကို ရရှိမည်ဖြစ်ကြောင်းဖြင့်လည်း ပူတင်က ပြောကြားသွားသည်။

မိမိထပ်လောင်းပြောကြားလိုသည်မှာ ရုရှားနိုင်ငံအနေဖြင့် ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် ကုလသမဂ္ဂက ဦးဆောင်မှုအခန်းကဏ္ဍမှ ဆက်လက်ဆောင်ရွက်သွားရမည်ဟုယူဆထားကြောင်း၊ ထို့အပြင် ပဋိပက္ခအခြေအနေများကို ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂ၏အခန်းက အထူးအရေးကြီးကြောင်း၊ ဤသည်ပင်လျှင် မိမိတို့ ရွေးချယ်ကျင့်သုံးသည့် သဘောထားဖြစ်သည့်အပြင် မိမိတို့၏ အခြေခံရပ်တည်ချက်လည်းဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

(အင်တာနက်)

အီရတ်ကိုအမေရိကန်စစ်ပွဲဆင်နွှဲမှု ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဝေဖန်ပြစ်တင် ငြိမ်းချမ်းသောကမ္ဘာကြီးဖန်တီးရန် အမေရိကန်လုပ်ဆောင်သင့်ဟုဆို

ကုလသမဂ္ဂ စက်တင်ဘာ ၂၇

ကျူးဘားနိုင်ငံခြားရေးဝန်ကြီးသည် အီရတ်တွင် အမေရိကန်ဦးဆောင်ဆင်နွှဲသည့်စစ်ပွဲကို ပြစ်တင်ရှုတ်ချဝေဖန်လိုက်ပြီး အမေရိကန်တပ်များကို သိမ်းပိုက်ခံထားရသော အီရတ်ပြည်သူများက နေ့စဉ်တိုက်ခိုက်ခြင်းသည် အီရတ်ပြည်သူများအနေဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရေးအတွက် ဖြစ်သည်ဟု ပြောဆိုသည်။

ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ပီရက်ဇ်ရှခ်သည် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် ထိုသို့ အမေရိကန်ပြည်ထောင်စုအား ပြစ်တင်ဝေဖန်ပြောဆိုခဲ့ခြင်းဖြစ်ပြီး ၎င်းကအီရတ်တွင် သိမ်းပိုက်မှုအဆုံးသတ်ရန်၊ အီရတ်အားထိန်းချုပ်မှုကိုကုလသမဂ္ဂသို့ချက်ချင်းလွှဲပြောင်းပေးရန်နှင့် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပြန်လည်ရရှိရေးလုပ်ငန်းစဉ် စတင်ရန်တိုက်တွန်းခဲ့သည်။

ပီရက်ဇ်ရှခ်က အီရတ်ပြည်သူများ အမေရိကန်တပ်ဖွဲ့ဝင်များကို နေ့စဉ်နီးပါးတိုက်ခိုက်နေခြင်းသည် အီရတ်ပြည်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို အလေးထားရေးနှင့်ပတ်သက်၍ တိုက်ပွဲဝင်ရန် အီရတ်ပြည်သူတို့၏ အရေးယူ ဆောင်ရွက်ချက်ပင်ဖြစ်သည်ဟု ပြောဆိုသည်။

ဝါရှင်တန်၏ နိုင်ငံခြားရေးမူဝါဒကို ပီရက်ဇ်ရှခ်က ပြစ်တင်ရှုတ်ချခဲ့ပြီး မဟာအင်အားကြီးနိုင်ငံသည် အားလုံးအတွက် တရားမျှတမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနှစ်မျိုးစလုံးရရှိစေမည့် ငြိမ်းချမ်းသော ကမ္ဘာကြီးကိုဖန်တီးရန် ပါဝင်လုပ်ဆောင်သင့်ကြောင်းပြောဆိုသည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် ဝေါ်မွတ်ခေါင်းပါးမှုနှင့် ရောဂါဘယကဲ့သို့ ကမ္ဘာ့ပြဿနာများကို နှိမ်နင်းတိုက်ဖျက်ရာတွင် အကူအညီပေးနိုင်ကြောင်း၊ သို့ရာတွင် ထိုသို့ကူညီနိုင်သည့်အစား ကုလသမဂ္ဂသည် ဘာမျှမဆိုင်သကဲ့သို့ဖြစ်လာကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးက ဝေဖန်ပြောကြားသွားသည်။

(အင်တာနက်)

အီရတ်ဆုံးဖြတ်ချက်သစ် အများဆန္ဒ ထင်ဟပ်ရမည် ပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့ သဘောတူ

ကုလသမဂ္ဂ စက်တင်ဘာ ၂၆

အီရတ်ဆိုင်ရာကုလသမဂ္ဂ ဆုံးဖြတ်ချက်သစ်သည် အီရတ်ပြည်သူတို့၏ဆန္ဒအပြင် နိုင်ငံတကာဆိုင်ရာ၏ အများဆန္ဒကိုလည်း ထင်ဟပ်ရမည်ဟု အိန္ဒိယနှင့် ရုရှားနိုင်ငံတို့က ကြာသပတေးနေ့၌ သဘောတူခဲ့ကြသည်။

ရုရှားသမ္မတဗလာဒီမာပူတင်သည် အိန္ဒိယဝန်ကြီးချုပ် အတားလ်ဘီဟာရီဗာ့ချ်ပါယီနှင့် ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံဆွေးနွေးပြီးနောက် ထိုသို့သဘောတူကြောင်းကို သမ္မတပူတင်က လူထုဆက်သွယ်ရေးသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။

(ပီတီအိုင်)

ကုလ၌ ဘုရှ်ပြောကြားခဲ့သောမိန့်ခွန်း အမေရိကန်သတင်းစာကြီးနှစ်စောင်ဝေဖန်

ဝါရှင်တန် စက်တင်ဘာ ၂၅

အီရတ်ပြန်လည်တည်ဆောက်ရေးတွင်နိုင်ငံတကာက အကူအညီပေးရန် တောင်းဆိုသော မိန့်ခွန်းကို အမေရိကန် သမ္မတဂျော့ဒဗလျူဘုရှ်က ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပြောဆိုခဲ့ပြီးနောက် ပေါ်ထွက်လာသော ရလဒ်များအပေါ် အမေရိကန် ထိပ်တန်းသတင်းစာကြီးနှစ်စောင်က ဝေဖန်ပြစ်တင်ခဲ့သည်။

လစ်ဘရယ်ဝါရှင်တန်ပို့စ်နှင့် နယူးယောက်တိုင်းမ်တို့က အီရတ်တွင် အမေရိကန်ထိန်းချုပ်မှုကိုစွန့်လွှတ်ရန် ဆန္ဒမရှိမှုကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအား ဘုရှ်သည် စေ့ဆော်ပြောဆိုနိုင်ခဲ့ခြင်းမရှိကြောင်း ရေးသားကြသည်။

နယူးယောက်တိုင်းမ်က ဘုရှ်၏ လွန်လွန်ကဲကဲ အကောင်းမြင်မှုနှင့် ကမ္ဘာ့အသိုင်းအဝိုင်းထက် ပြည်တွင်း ပရိသတ်အပေါ်ပို၍ ရည်ရွယ်ချက်ထားခဲ့သည်ကို ပြစ်တင်ရှုတ်ချခဲ့သည်။ **(အင်တာနက်)**

ကုလအထွေထွေညီလာခံ၌ ဘုရှ်ပြောကြားခဲ့သည့် မိန့်ခွန်း ကမ္ဘာ့ထိပ်တန်း သတင်းစာကြီးများ ဝေဖန်ပြစ်တင်

ဝါရှင်တန် စက်တင်ဘာ ၂၅

ကမ္ဘာ့ထိပ်တန်းသတင်းစာကြီးများသည် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် နိုင်ငံတကာ၏ အကူအညီရရန် ကုလသမဂ္ဂအထွေထွေညီလာခံ၌ သမ္မတဘုရှ်ပြောကြားခဲ့သည့် မိန့်ခွန်းနှင့်စပ်လျဉ်း၍ သမ္မတဘုရှ်အား ဝေဖန်ပြစ်တင်ရေးသားခဲ့ကြသည်။

အီရတ်နိုင်ငံအား ဆင်နွှဲခဲ့သည့်စစ်ပွဲအပေါ် စိတ်ဝမ်းကွဲမှုများကို မေ့ပစ်ကြရန် အင်္ဂါနေ့၌ ကမ္ဘာ့ခေါင်းဆောင် ၂၀၀ နီးပါးကို ဘုရှ်ကတိုက်တွန်းပြောဆိုခဲ့သည်။ ဘုရှ်သည်အီရတ်ကို ဆင်နွှဲ ခဲ့သည့် ကျူးကျော်စစ်ပွဲကို ကာကွယ်ပြောဆိုခဲ့သည့်ပြင် အီရတ်၌ကိုယ်ပိုင်အုပ်ချုပ်ရေး မြန်မြန် ထက်ထက် လွှဲပြောင်းပေးရန်ကိစ္စကိုလည်း ငြင်းဆိုခဲ့သည်။ ဘော့စတွန်ထုတ်အက်စ်ဆဗာ သတင်းစာက မိန့်ခွန်းပြောကြားစဉ်အတွင်း သမ္မတဘုရှ်သည် စိတ်ကြီးဝင် အထက်စီးဆန်သော သံတမန်အခန်းကဏ္ဍပုံစံကို မြင့်သည်ထက် မြှင့်တင်ခဲ့သည်ဟု ရေးသားဖော်ပြသည်။

ထို့နည်းတူစွာ လက်ဘနွန်နိုင်ငံ၏ အန်နာဟာသတင်းစာကလည်း ဘုရှ်သည် တောင်ကြား တစ်ခုအတွင်း၌ ရှိမြဲရှိနေပြီး ကမ္ဘာ၏ ပြင်ပအခြားတစ်နေရာသို့ ရောက်ရှိနေကြောင်း ရေးသားသည်။

လန်ဒန်မြို့ထုတ် ဂါဒီယန်သတင်းစာ၌ အမေရိကန်အချို့သည်ဤလွယ်သယောင်ရှိသော ဆန်းစစ်ချက်တွင် ပူပင်သောကကို ဖြေဖျောက်နိုင်ကြဖွယ်ရှိသော်လည်း ကျန်ကမ္ဘာသူ ကမ္ဘာသားများအဖို့မှု စိတ်မသက်မသာ ဖြစ်နေကြမည်သာဖြစ်ကြောင်း ရေးသားထားသည်။

ဆီးရီးယားနိုင်ငံထုတ် အယ်ဘက်စ်သတင်းစာကလည်း ဘုရှ်သည် မရေမရာ မပြတ်သားကြောင်း၊ အီရတ်၌သိမ်းပိုက်တပ်များ ရင်ဆိုင်နေခဲ့ရသည့် အကျပ်အတည်းကို ထုတ်ဖော်ပြောဆိုရန် ရှောင်ခဲ့ကြောင်းရေးသားခဲ့သည်။ **(အင်တာနက်)**

အီရတ်ဆိုင်ရာအမေရိကန်၏မူဝါဒကို နိုင်ငံများက ဆန့်ကျင် ကျူးကျော်စစ်ဆင်နွှဲမှု ကမ္ဘာ့ပြည်သူများ ကန့်ကွက်

စက်တင်ဘာ ၂၇ ရက်ကတိုကျိုမြို့၌ စစ်ဆန့်ကျင်ရေးဆန္ဒပြသူတစ်ဦးက အမေရိကန်သမ္မတဂျော့ဒဗလျူ ဘုရှ်၏ ရုပ်ပုံမျက်နှာဖုံးကို စွပ်၍ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်၏ ရုပ်ပုံကို ကိုင်ပြီး ဆန္ဒပြနေစဉ်။

ထောင်ပေါင်းများစွာသောဆန္ဒပြသူများက အီရတ်ကို အမေရိကန် ကျူးကျော်မှု အဆုံးသတ်ရန် တောင်းဆိုခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်များ ထွက်ခွာပေး

စက်တင်ဘာ ၂၇ ရက်ကလန်ဒန်မြို့ လမ်းမကြီးများပေါ်၌ ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်သူများက အီရတ်ကို မတရားကျူးကျော်ခဲ့သည့်အမေရိကန်နှင့်ဗြိတိန်တပ်များ အီရတ်မှ ချက်ချင်းထွက်ခွာပေးရန် ဆန္ဒပြတောင်းဆိုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်ဆန့်ကျင် ကန့်ကွက်

အီရတ်နိုင်ငံသို့တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ရေးနှင့် ပတ်သက်၍ တောင်ကိုရီးယားပြည်သူများက ဆန့်ကျင်ကန့်ကွက်ဆန္ဒပြလျက်ရှိသည်ကို စက်တင်ဘာ ၂၇ ရက်က တွေ့ရစဉ်။

စစ်ပြီးကာလ အီရတ်နိုင်ငံသို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ပေးရန် အမေရိကန် ပြည်ထောင်စု၏ အကူအညီတောင်းခံမှုအပေါ် တောင်ကိုရီးယား ပြည်သူတို့က ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း စစ်ပွဲဆန့်ကျင်ရေးမြင်ကွင်း

အမေရိကန်တပ်များ အီရတ်မှရုပ်သိမ်းပေး

စက်တင်ဘာ ၂၇ ရက်က ဂျပန်နိုင်ငံတိုကျိုမြို့၌ အမေရိကန်ကို ဆန့်ကျင်သည့် ပြည်သူများက အမေရိကန်တပ်များ အီရတ်မှရုပ်သိမ်းပေးရန်နှင့် ဂျပန်တပ်များ အီရတ်သို့စေလွှတ်မည့်ကိစ္စကို ဆန့်ကျင် ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကိုကျူးကျော်မှု ရပ်တန့်ကရပ်

စက်တင်ဘာ ၂၇ ရက်က လန်ဒန်မြို့၌ စစ်ဆန့်ကျင်သူတစ်ဦးက အီရတ်ကို မတရားကျူးကျော် စစ်ဆင်နွှဲခဲ့သူ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအား ဆန့်ကျင် ဆန္ဒပြနေစဉ်။

ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်သူများသည် ထွာဖဲလ်ဂါ ရင်ပြင်ဆီသို့ ဦးတည်ချီတက်ကာ အီရတ်ကိုကျူးကျော်မှု ရပ်တန့်ကရပ်ရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ အမေရိကန်ဆောင်ရွက်မှုတွင် နိုင်ငံစုံမှ မပါဝင် လွှတ်တော်တွင် ဘတ်ဂျက်သတ်မှတ်ရေး ဘုရှ်ဆွေးနွေး၍မရ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

လွန်ခဲ့သည့်သီတင်းပတ်ကရရှိခဲ့သော သေနတ်ဒဏ်ရာဖြင့် အီရတ်အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင်ဖြစ်သူ အကီလာ အယ်ဟာရှိမီသည် ယမန်နေ့ကသေဆုံးသွားရာ ယင်းသည် အမေရိကန်ဖွဲ့စည်းပေးသော အုပ်ချုပ်မှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး ပထမဆုံးအကြိမ် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်ရုပ်မြင်သံကြားဌာန အင်ဘီစီတည်ရှိရာ ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုတယ်တစ်ခု၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ ပြုပြင်ထိန်းသိမ်းရေး ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ပြီး အင်ဘီစီဝန်ထမ်းတစ်ဦး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိသွားသည်။

ယင်းသည် နိုင်ငံခြားသား သတင်းထောက်များကို ပထမဦးဆုံးအကြိမ်ဖြစ် ပစ်မှတ်ထား တိုက်ခိုက်မှုဖြစ်ပွားခြင်း ဖြစ်သည်။

အဆိုပါ ဗုံးဖောက်ခွဲမှုသည် ယခုသီတင်းပတ်အတွင်း ဘဂ္ဂဒက်မြို့၌ တတိယမြောက် လူသေစေသော ဗုံးခွဲမှုဖြစ်သည်။

ဤအတောအတွင်း အမေရိကန်သမ္မတ ဂျော့ဘုရှ်သည် နိုင်ငံတကာမှ အကူအညီများရရှိစေရန် ကြိုးစားရုန်းကန်လှုပ်ရှားနေရသည်။ ၎င်းသည် ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် ကုလသမဂ္ဂ၌ အင်္ဂါနေ့က တွေ့ဆုံခဲ့ပြီး ဂျာမနီဝန်ကြီးချုပ်နှင့် ဗုဒ္ဓဟူးနေ့က တွေ့ဆုံခဲ့ရာ ၁၆ လတာကာလအတွင်း ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်သည်။

အတိတ်က သဘောကွဲလွဲမှုများ ပြီးဆုံးသွားပြီဟု ဆိုသော်လည်း အီရတ် နိုင်ငံအရေး၌ နိုင်ငံစုံမှ ပိုမိုပါဝင်လာစေရေးကိစ္စတွင် ပြင်သစ်နှင့် ဂျာမနီတို့က ဆက်လက်တွန်းအားပေးလျက်ရှိပြီး အီရတ်နိုင်ငံတွင် အမေရိကန်၏ ဆောင်ရွက်မှုသည် နိုင်ငံစုံမှ လတ်တလောပါဝင်မှု မရှိခြင်းကြောင့် ဘုရှ်အစိုးရအတွက် လွှတ်တော်တွင် ဘတ်ဂျက်သတ်မှတ်ရေးအတွက် ဆွေးနွေး၍ ရမည်မဟုတ်ကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

ဓာတ်ပုံ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ အယ်ရာရှစ် ဟိုတယ်ရှေ့တွင် သံဆူးကြိုးများ ကာရံပြီး အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေး စောင့်ကြပ်လျက်ရှိသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟက်တန်စစ်ဆေးမှု စတင်ချိန်ကစပြီး ဘလဲအပေါ် ထောက်ခံမှုကျဆင်းလျက်ရှိ လက်နက်မတွေ့မှုနှင့် တပ်ဖွဲ့ဝင်များသေဆုံးမှုပိုများလာ၍ ဘုရှ်အပေါ်ထောက်ခံမှုကျဆင်း

လန်ဒန် စက်တင်ဘာ ၂၆

ဟက်တန်စုံစမ်းစစ်ဆေးမှု စတင်ချိန်ကစပြီး ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအပေါ် ထောက်ခံမှုများ ကျဆင်းလျက်ရှိရာ လတ်တလောကောက်ယူခဲ့သည့် စစ်တမ်းအရ တိုနီဘလဲအပေါ် ထောက်ခံမှုများ ပိုမိုကျဆင်းလာသည်။ ဖွန်လက ကောက်ယူခဲ့သော ဂါဒီယန်သတင်းစာ၏ အိုင်စီအမ်စစ်တမ်းအရ ၃၉ ရာခိုင်နှုန်းကသာ ဘလဲ၏ ဆောင်ရွက်မှုကို သဘောမကျခဲ့ရာမှ ယခုစစ်တမ်းအရ ၆၁ ရာခိုင်နှုန်းသည် ဘလဲကို သဘောမကျကြောင်း ဖော်ပြခဲ့သည်။

အလားတူ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသည် လူများအစုလိုက်အပြုံလိုက်သေစေနိုင်သော လက်နက်များ အီရတ်နိုင်ငံ၌ ရှာဖွေတွေ့ရှိမှုမရှိခဲ့ခြင်းနှင့် အမေရိကန်တပ်ဖွဲ့များ ထိခိုက်သေဆုံးမှု တိုးတက်များပြားလာခြင်းတို့ကြောင့် အမေရိကန်သမ္မတဘုရှ်ကို ထောက်ခံမှုများလည်း ကျဆင်းလာသည်ကို စစ်တမ်းများအရ သိရှိရသည်။**(စီအင်န်အင်န်)**

မီးလောင်

အီရတ်နိုင်ငံ တောင်ပိုင်းရှိ စက်ရုံတစ်ရုံမှ ရေနံနှင့် ဓာတ်ငွေ့များ မီးလောင်လျက်ရှိသည်ကို လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တီကရစ်နှင့် ကာကွတ်မြို့များ၌ အမေရိကန်တပ်များကို တိုက်ခိုက် တီကရစ်၌ တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရပြီး ကာကွတ်၌ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

တီကရစ် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များကို ပစ်မှတ်ထားတိုက်ခိုက်မှုများ နေ့စဉ်နှင့်အမျှ တိုးမြင့်ဖြစ်ပွားလျက်ရှိရာ တီကရစ်မြို့နှင့်ကာကွတ်မြို့တို့တွင်လည်း အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်မှုနှစ်ရပ် ယမန်နေ့ကသီးခြားစီ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

တီကရစ်မြို့တွင် အမှတ်(၁)အဝေးပြေး လမ်းမကြီးပေါ်၌ မောင်းနှင်လာသော အမေရိကန်စစ်ဘက်ယာဉ်သည် အိုင်အီးဒီဟုခေါ်သော အိမ်လုပ်ဗုံးထိမှန်ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။

ဖမ်းဆီး

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အနီးရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်မှ အီရတ်လူမျိုး တစ်ဦးကို စစ်ဆေးမေးမြန်းရန် ဖမ်းဆီးထားကြောင်း သိရှိရသည်။

ပစ်ခတ်

အခြားတိုက်ခိုက်မှု တစ်ရပ်မှာ အီရတ်နိုင်ငံမြောက်ပိုင်းကာကွတ်မြို့၌ ပြီးခဲ့သော ကြာသပတေးနေ့ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည် ယင်း တိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စီးသည် ဒုံးကျည်နှင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရခြင်းကြောင့် အမှတ်(၁၇၃) အမေရိကန် လေကြောင်းချီတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရတ်ပြန်လည်တည်ဆောက်ရေး ရုရှားပေးမည့်အထောက်အပံ့ရှိမရှိ သမ္မတပူတင်နှင့် ဆွေးနွေးပွဲ၌သိရှိရန် သမ္မတဘုရှ်ကြိုးပမ်းမည်

ကမ့်ဒေးဗစ် စက်တင်ဘာ ၂၇

အီရတ်စစ်ပွဲကိုဆန့်ကျင်ခဲ့သော ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတဘုရှ်တို့သည် ၎င်းတို့အကြား အဆင်မပြေမှုများကို ညှိနှိုင်းရန်ရည်ရွယ်ချက်ဖြင့် ဒေးဗစ်စခန်းတွင် တွေ့ဆုံဆွေးနွေးရန် ရည်ရွယ်ထားသည်။

၎င်းတို့နှစ်ဦးအကြား သဘောထားကွဲပြားမှုများအနက် အရေးအပါဆုံးမှာ အီရတ်အရေးကိစ္စ ဖြစ်သည်။

ကြိုးပမ်း

ယခုဆွေးနွေးပွဲမှာ အီရတ်နိုင်ငံပြန်လည် တည်ဆောက်ရေးအတွက် ရုရှားကပေးအပ်မည့် အထောက်အပံ့များရှိ မရှိဆိုသည်ကို သိရှိရန် သမ္မတဘုရှ်က ကြိုးပမ်းမည် ဖြစ်သည်။

ရုရှားနိုင်ငံသည် ပြင်သစ်၊ ဂျာမနီနိုင်ငံတို့နှင့်အတူ အီရတ်ပြန်လည်တည်ဆောက်ရေးမှာ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ပိုမိုအရေးပါပြီး ကျယ်ပြန့်သောကဏ္ဍက ပါဝင်စေလိုခြင်းဖြစ်သည်။ ထို့အပြင် အီရတ်ပြည်သူများထံသို့ အချုပ်အခြာ အာဏာ အလျင်အမြန် လွှဲပြောင်းပေးရေးကိုလည်း လိုလားလျက်ရှိသည်။

ကတိမပြု

ယခုအချိန်အထိ ရုရှားသမ္မတက အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် တပ်ဖွဲ့သို့မဟုတ် ငွေကြေးထည့်ဝင်မည်ဟု ကတိပြုထားခြင်းမရှိသေးကြောင်း သိရသည်။

(စီအင်န်အင်န်)

တစ်ပတ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးဒဏ်ရာရမှုများပြား ကိုးဦးသေဆုံးပြီး ၄၁ ဦး ဒဏ်ရာရကြောင်း အမေရိကန်တပ်မှူးပြောကြား

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံတွင် သီတင်းတစ်ပတ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့ပြီး အခြား ၄၁ဦး ဒဏ်ရာရရှိခဲ့သည်ဟု အီရတ်ရှိ မြေပြင်တပ်များ၏ တပ်မှူးရီကာဒိုဆန်ချက်ဇ်က ကြာသပတေးနေ့တွင် အတည်ပြုပြောကြားသည်။

သေဆုံးသူကိုးဦးတွင် ခြောက်ဦးမှာ တိုက်ပွဲ၌သေဆုံးခြင်းဖြစ်သည်ဟု သတင်းစာရှင်းပွဲတွင် ဆန်ချက်ဇ်က ပြောကြားသည်။

စစ်ပွဲပြီးကြောင်း သမ္မတဘုရှ် ကြေညာခဲ့ချိန်မှစပြီး သေဆုံးပြီးအမေရိကန်တပ်ဖွဲ့ဝင် ၇၀ ကျော် ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်၌ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

လန်ဒန် စက်တင်ဘာ ၂၆

အသက်(၃၂)နှစ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေနတ်ထိမှန်သေဆုံးခဲ့ရာ မတ်လ၌ စစ်ပွဲစတင်ခဲ့သည်မှ စုစုပေါင်း သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင် ၅၁ဦး ရှိသွားပြီဖြစ်သည်။

ဘာဆရာအနီး ရှေဘာ၌ စက်တင်ဘာ ၂၃ရက်တွင် တပ်ကြပ်ဂျွန်နိုက်တင်ဂေးမှာ ဝမ်းနည်းစရာ အဖြစ်အပျက်ဖြင့် သေဆုံးသွားခဲ့ရကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဘာကြောင့်သေဆုံးသည်ကို အတိအကျစုံစမ်းစစ်ဆေးနေကြောင်း၊ နိုက်တင်ဂေးသည် ရန်သူပစ်ခတ်မှုကြောင့် သေဆုံးခြင်းမဟုတ်ကြောင်း ဝန်ကြီးဌာနက ပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ

နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကျင်းပ

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၃

မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ဓာတ်ပုံပြပွဲ၊နံရံကပ်စာစောင်ပြပွဲနှင့်ဟောပြောပွဲဖွင့်ပွဲကို စက်တင်ဘာ ၂၂ရက်နံနက်ကဘုရားကြီးကုန်းကျေးရွာမူလတန်းကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့်မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာရေးကိုမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)ကဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဥတို-ကြာအင်းဒေသလယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးစီမံကိန်းလုပ်ငန်းများ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဥတို-ကြာအင်းဒေသ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းနယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဥတို-ကြာအင်း လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ကော်မတီဝင်များ၊ ဌာနမှူးများ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရွှေဝါထွန်းခန်းမ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြို့တော်နေ ပြည်သူများ၏စားနပ်ရိက္ခာအား အထောက်အကူဖြစ်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့် အကောင်အထည်ဖော်ရန်၊ ပြည်သူများ စိတ်အေးချမ်းသာစွာ အနားယူနိုင်ရေးအတွက် အပန်းဖြေစခန်းလုပ်ငန်းကို ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် စပါးအပြင် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ သုတေသနလုပ်ငန်းတို့ကို တိုးချဲ့ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ဥတို-ကြာအင်း ဒေသတွင် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းကို ၁၉၉၈ခုနှစ် ဇွန်လမှစတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်တိုင် ဥတို-ကြာအင်းဒေသ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥတို-ကြာအင်းဒေသသို့ အကြိမ်ကြိမ်လာရောက်အားပေးကာ လုပ်ငန်းလမ်းညွှန်မှုများပေးခဲ့ပါကြောင်း။

လုပ်ငန်းလမ်းညွှန်ချက်များအနက် စက်စွမ်းအားများအသုံးပြုရန် (Machanization System)၊ ရေသွင်းသည့်စနစ်အသုံးပြု၍ ဆောင်ရွက်ရန် (Irrigation System)နှင့်မျိုးကောင်းမျိုးသန့်သုံး၍ အထွက်တိုးအောင် ဆောင်ရွက်ရန် (Hybaridization System)တို့ကို အဓိကထားအကောင်အထည်ဖော်ရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ယင်းလမ်းညွှန်ချက်များကိုလုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ဥတိုဒေသတွင် လယ်မြေ ၃၄၆၁ ဒသမ ၁၃ ဧက၊ ကြာအင်းဒေသတွင် လယ်မြေ ၂၄၇၅ ဒသမ ၇၆ ဧက၊ ဓိကုန်းဒေသတွင် လယ်မြေ ၁၃၁၀ ဒသမ ၂၂ ဧက၊ အင်းတွင်းကြီးဒေသတွင် လယ်မြေ ၁၀၉၆ ဧကနှင့် ကျုံတမျှင်ဒေသတွင် လယ်မြေ ၆၅၅ ဒသမ ၂၃ ဧကတို့တွင် လယ်ယာစိုက်ပျိုးလျက်ရှိပါကြောင်း၊ ထို့ပြင် ငါးကန် ၅၅၃ ဧက တူးဖော်မွေးမြူလျက်ရှိပြီး ငါးကန်ဧက ၂၀၀ ထပ်မံ တူးဖော်လျက်ရှိပါကြောင်း၊ ငါးကန် ဧက ၁၀၀၀ အထိ တိုးချဲ့တူးဖော် မွေးမြူသွားရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြပြီး ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့်အခြားသီးနှံ ဧက ၅၀၀ စိုက်ပျိုးရန် လျာထားပြီး ဆောင်းရာသီတွင် ဖရဲ၊ သခွား၊ ငရုတ်၊ အစေ့ထုတ်ပြောင်းများ စိုက်ပျိုးရန် စီစဉ်ထားမှု၊စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် စပါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနဌာနကို ၂၀၀၁ခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး ၂၀၀၃ခုနှစ်တွင် မျိုးကောင်းမျိုးသန့်စပါးများရရှိရေးအတွက် စပါးအမျိုးအစားအလိုက် သုတေသန စိုက်ကွက်တွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်း နယ်မြေအသီးသီးတို့တွင် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအခြေအနေ၊ ယင်းစိုက်ပျိုး မွေးမြူရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဝင်ငွေရရှိမှု အခြေအနေတို့ကိုလည်းကောင်း ရုပ်ပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥတို-ကြာအင်းဒေသ စိုက်ပျိုးရေးနှင့်မွေးမြူရေးစခန်း စခန်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဗိုလ်မှူးကြီးသောင်းဝေက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥတို-ကြာအင်းဒေသ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်း အောင်မြင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ စပါးစိုက်ပျိုးခြင်းလုပ်ငန်း၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံ စိုက်ပျိုးခြင်းလုပ်ငန်း၊ စပါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနလုပ်ငန်း၊ ငါး၊ ပုစွန်၊ ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်း၊ အပန်းဖြေစခန်းလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ လောင်စာတောင့်ထုတ်လုပ်ရေးလုပ်ငန်း၊ ဆီစက်လုပ်ငန်း၊စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်လုပ်ငန်းနှင့်စိုက်ကွင်းထွက်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းအခြေအနေများ၊ ဥတို-ကြာအင်းဒေသ၏ ရာသီဉတုနှင့် မိုးရွာသွန်းမှုအခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဥတို-ကြာအင်းစိုက်ပျိုးမွေးမြူရေးဒေသစိုက်ပျိုးမွေးမြူရေးစီမံကိန်းအောင်မြင်ဖြစ်ထွန်းရေးအတွက် မိမိတို့၏ ဝန်ကြီးဌာနမှ ပညာရှင်များဖြင့် နည်းပညာကူးပြောင်းပံ့ပိုးပေးမှုနှင့် သုတေသနပညာရှင်များ ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဥတို-ကြာအင်း စိုက်ပျိုးရေးမွေးမြူရေးစီမံကိန်း၏ ရေစီးရေလာအခြေအနေ၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေထုတ်မြောင်း၊ရေနုတ်မြောင်းတူးဖော်ပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ဥတို-ကြာအင်းဒေသရှိ ငါးမွေးမြူရေးစခန်းနှင့် ငါးသားဖောက်စခန်းများသို့လည်းကောင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းရှိ ကျန်ငါးမွေးမြူရေးစခန်းနှင့် ငါးသားဖောက်စခန်းများသို့ ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် နည်းပညာများဖြန့်ဖြူးပေးမှုနှင့် ဆက်လက် ကူညီ ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ရှိဆောင်ရွက်နေသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင်၊ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည်၊ ဥတို-ကြာအင်း ဒေသအပါအဝင် ဆက်စပ်ဒေသများ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုအခြေအနေအထားတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအား မိမိဝန်ထမ်းများအတွက် ရိက္ခာဖူလုံရေး၊ ရန်ကုန်မြို့တော်နေပြည်သူများ၏ စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူဖြစ်ရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အပန်းဖြေအနားယူနိုင်သည့် အပန်းဖြေစခန်းကြီးတစ်ခု ဖြစ်ပေါ်လာရေးနှင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် စပါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနဌာန ထူထောင်ရေးတို့အတွက် ရည်မှန်းချက်များ ချမှတ်ပေးခဲ့ပြီး ဥတို-ကြာအင်းဒေသ စိုက်ပျိုးမွေးမြူရေးစခန်းကြီးတစ်ခု ထူထောင်ရန် လမ်းညွှန်ခဲ့ကြောင်း။

ထို့အပြင် ဥတို-ကြာအင်းဒေသမှာ ရန်ကုန်မြို့တော်နှင့်မဝေးကွာလှသဖြင့် ပြည်ပဧည့်သည်များ လာရောက်သည့်အခါတွင်လည်း မြန်မာနိုင်ငံ၏သဘာဝအခြေခံ စိုက်ပျိုးမွေးမြူရေးနှင့် အပန်းဖြေစခန်းကြီးအဖြစ် ပြသနိုင်ရန်လည်း ရည်မှန်းဆောင်ရွက်စေခဲ့ကြောင်း။

ဥတို-ကြာအင်း စိုက်ပျိုးမွေးမြူရေးစခန်းကြီးမှာ မြေဧက ၁၂၀၀၀ ကျော် ကျယ်ဝန်းပြီး လုပ်ငန်းပမာဏကြီးမားသည်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုသည်လည်း များပြားသော စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်နှင့် မနီးမဝေးတွင် တည်ရှိပြီး တစ်နေရာတည်း တစ်ကွင်းတစ်စပ်တည်း ဧကတစ်သောင်းကျော် ဌာနတစ်ခုတည်း ဖော်ထုတ်ပိုင်ဆိုင်သည့် စိုက်ပျိုးမွေးမြူရေးစခန်းမျိုး အလွန်ရှားပါးကြောင်း။

နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးထားသည့်စီမံကိန်း၊ ရည်မှန်းချက်များ အောင်အောင်မြင်မြင် ဖြစ်ပေါ်လာရေးအတွက်နှင့် ဆက်စပ်သည့် ဌာနများကလည်း လိုအပ်မှုများကို ပေါင်းစပ်ကူညီသွားရန် ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ဥတို-ကြာအင်းဒေသသို့ အကြိမ်ကြိမ်လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည့် လမ်းညွှန်မှုများကိုလည်း ချမှတ်ပေးထားပြီဖြစ်ကြောင်း၊ လုပ်ငန်းအရှိန်ရပ်တန့်သွားခြင်းမျိုး မဖြစ်စေဘဲ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်လာသည်အထိ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အထောက်အကူပြု သုတေသနဌာန လုပ်ငန်းများကိုလည်း စနစ်တကျ ပြုလုပ်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း။

အခြားတစ်ဖက်မှလည်း စီမံကိန်းကို အကောင်အထည်ဖော်နေကြသည့် တာဝန်ရှိသူအားလုံးက အလေအလွင့် အဆုံးအရှုံးမရှိအောင်၊ ပျောက်ကွက်ဟာကွက်များမရှိအောင်၊ဆင့်ကဲဆင့်ကဲ အလေးထားတာဝန်ယူ ကြပ်မတ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥတို-ကြာအင်းစိုက်ပျိုးရေးစီမံကိန်းရှိ ငါးနှင့်ပုစွန်သားဖောက်ဌာနခွဲ၏ ငါးမြစ်ချင်း၊ ငါးတန်နှင့် ရွှေဝါငါးကြင်းသားဖောက်ကန်သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ အဆိုပါ ဥတို-ကြာအင်း စိုက်ပျိုးရေးစီမံကိန်း ငါးနှင့်ပုစွန်သားဖောက်ဌာနခွဲသည် ငါးမြစ်ချင်း၊ ငါးတန်နှင့် ရွှေဝါငါးကြင်း၊ ငါးမှုံကောင်ရေ ၁၉၁၅ သိန်း သားဖောက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ငါးမွေးမြူရေးစခန်းအသီးသီးနှင့် ပုဂ္ဂလိကငါးမွေးမြူရေးစခန်းများသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဥတို-ကြာအင်းစိုက်ပျိုးရေးစီမံကိန်းရှိ စပါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနဌာနခွဲရှိ သီးနှံပိုးမွှားရောဂါကာကွယ်ရေးဓာတ်ခွဲခန်း၊ သီးနှံစိုက်ပျိုးရေးဓာတ်ခွဲခန်း၊ သီးနှံမွေးမြူရေးဓာတ်ခွဲခန်း၊ မြေဆီလွှာနှင့် ဓာတုဗေဒဓာတ်ခွဲခန်း၊ မျိုးစေ့အရည်အသွေးဓာတ်ခွဲခန်း၊ အပင်တစ်သျှူးမွေးမြူရေးဓာတ်ခွဲခန်းနှင့် အပင်ဇီဝကမ္မဗေဒဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဂေါက်ကွင်း (City Farm Resort Golf Course)ကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဥတို-ကြာအင်းစိုက်ပျိုးရေးစီမံကိန်းနယ်မြေမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥတို-ကြာအင်း စိုက်ပျိုးရေးစီမံကိန်းရှိ စပါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနဌာနအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

ဒါတွေကိုသိဖို့လိုတယ်

- မြောက်တိုင်းလည်း မမြောက်နဲ့
- ခြောက်တိုင်းလည်း မကြောက်နဲ့
- ချော့တိုင်းလည်း မပျော့နဲ့

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

■ *ကျော်ဖုံးမှ*

တိုင်းရင်းသား တိုင်းရင်းသူများ၊ အစိုးမဟုတ်သော လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ ဘဏ်လုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင် များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ဒေသခံပြည်သူများသည် အလံကိုင်အဖွဲ့ဝင်များနှင့် ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်လျက် သတ်မှတ်နေရာဖြစ်သော အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ချီတက်ကြကာ လူထုအစည်းအဝေးကျင်းပရာ ငြိမ်းချမ်းသာယာ အားကစားကွင်း အတွင်းသို့ ဝင်ရောက်၍ စနစ်တကျ နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဦးသင်းလှိုင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စိုးလေး၊ ကချင်ရိုးရာယဉ်ကျေးမှုနှင့် အဆို၊အကအဖွဲ့ နာယက

မိမိတို့ နိုင်ငံအနေဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်ကြသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီစနစ်အတွက် လိုအပ်သောအခြေခံအုတ်မြစ်များဖြစ်သည်ဟု မိမိတို့အားလုံးက ယုံကြည်ထားကြောင်း။

တပ်မတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် တိုင်းရင်းသားအင်အားစုများကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေးအတွက် အပြန်အလှန် နားလည်ယုံကြည်မှုများဖြင့် ညှိနှိုင်း ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းသားအဖွဲ့အစည်း ၁၇ဖွဲ့သည် ဥပဒေဘောင်

ယခင်အခြေအနေကို ပြန်ပြောရမည်ဆိုလျှင် ၁၉၈၈ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်၏ အခြေအနေသည် စီမံခန့်ခွဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားများအားလုံး ပျက်ပြားလာမှုကြောင့် တိုင်းပြည်တစ်ခုလုံး ပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာထိပါးဆုံးရှုံးရမည့် အခြေအနေကို ရောက်ရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ၁၉၈၈ခု စက်တင်ဘာ ၁၈ရက်ကစပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာတော့ဘဲ လွှဲပြောင်းရယူခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ဦးစွာဆောင်ရွက်ပြီး အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများကို တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်မှုများကြောင့် တစ်ပြည်လုံးအတိုင်းအတာအရ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ မိမိတို့ ကချင်ပြည်နယ်အတွင်း

အမှန်ကိုအမှားဖြင့်ဖုံးကွယ်၊ စေတနာမေတ္တာကို လောဘ၊ ဒေါသ၊ မောဟများဖြင့်ဖုံးကွယ်ပြီး လိမ်လည်လှည့်ဖြားနေသော
အဖျက်သမားဘုံရန်သူများကို လုံးဝလက်မခံနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၏တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုများကို အပြည့်

ဒေါ်ရှဒေါင်ခေါန်တောင်၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဝင် ဒေါ်တင်တင်ဌေးနှင့် ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးစွဲ့ငင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဆန်နိုင်နန်ဆိုင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဝိုင်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းကြည်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးသဘာပတိ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဦးသင်းလှိုင်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ်ခုနစ်ရပ်ကို နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးနှင့်ယှဉ်ပြီး ချမှတ်ပေးခဲ့ကြောင်း၊ ယင်းချမှတ်ပေးခဲ့မှုများသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အသင့်တော်ဆုံး၊ အဆီလျော်ဆုံး၊ လက်တွေ့အကျဆုံး မူဝါဒလမ်းစဉ်များဖြစ်သည့်အတွက် ကချင်ပြည်နယ် ပြည်သူလူထုကြီး၏ကိုယ်စား လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်းကို တင်ပြလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းမိန့်ကြားခဲ့ရာတွင် ပထမပိုင်းအနေဖြင့် တပ်မတော်အစိုးရတာဝန်ယူပြီးသည့် ၁၉၈၈ခုနှစ်ကစပြီး ယနေ့အထိ နိုင်ငံတော်နှင့် ပြည်သူပူးပေါင်းဆောင်ရွက်မှုများကြောင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများ၊ ဒုတိယပိုင်းအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများနှင့် တတိယပိုင်းတွင် အနာဂတ်ကာလ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်များကို ရှင်းလင်းပြောကြားသွားခဲ့ကြောင်း။

အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးသို့ ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံတော်အတွင်း အေးချမ်းသာယာမှု၊ စည်ပင်ဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရေးအပြင် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပင်မမဏ္ဍိုင်များဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပြန့်ပွားထွန်းကားနေရမည်ဖြစ်ကြောင်း။

အတွင်း ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားအဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာရေးသည် သာမန်အားဖြင့်ကြည့်လျှင် အလွန်ခက်ခဲသော ပြောင်းလဲဖြစ်ပေါ်မှုဖြစ်ကြောင်း၊ နှစ်ပေါင်း ၄၀ကျော် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးချောင်းစီးတိုက်ပွဲများစွာဖြစ်ပွားခဲ့ကြပြီး နှစ်ဖက်စလုံးသေကျေထိခိုက်ဆုံးရှုံးမှုများ၊ ပြည်သူအများဒုက္ခဆင်းရဲခံစားနေရမှုများစသည့် အနိဋ္ဌာရုံဘဝက လွတ်မြောက်အောင် ဆောင်ရွက်ခဲ့ရခြင်းသည် မလွယ်ကူသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ယခင်အစိုးရများအဆက်ဆက် မဆောင်ရွက်နိုင်ခဲ့ကြသည်ကို နိုင်ငံတော်အနေဖြင့် အောင်မြင်မှုရအောင် ကြိုးပမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုနှင့် ရိုးသားဖြူစင်သော သဘောထားများဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် အဆိုပါအဖွဲ့များမှ တိုင်းရင်းသားခေါင်းဆောင်များသည် ၎င်းတို့၏ ဒေသတွင်းသာမက နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ၌ပါ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်နေပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိနေရပြီဖြစ်ကြောင်း။

အခမ်းအနားမှူးအဖြစ် ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဆန်နိုင်နန်ဆိုင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဝိုင်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းကြည်တို့က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

တွင်လည်း တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရုံသာမက ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း။

ဤနေရာတွင် မိမိတို့ ကချင်ပြည်နယ်၏ အထူးခြားဆုံး တိုးတက်ပြောင်းလဲမှုကို ဖော်ပြရမည်ဆိုလျှင် ယခင်က စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရ၊ အေးချမ်းမှုမရှိသည့် ဘဝကနေ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ စစ်မှန်သော စေတနာ၊ မှန်ကန်သည့် လုပ်ဆောင်ပေးမှုများကြောင့် ကချင်ပြည်နယ်ကြီးတစ်ခုလုံး လုံခြုံခြင်း၊ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းအရသာကို ပြည်နယ်သူ ပြည်နယ်သားများအားလုံး ခံစားနေကြရပြီဖြစ်၍ ပြည်နယ်သူပြည်နယ်သားများအားလုံးက နိုင်ငံတော်အစိုးရကို ကျေးဇူးတင်၍မဆုံး ဖြစ်နေကြကြောင်း။

တစ်ချိန်က ပြည်နယ်အတွင်းတွင် လမ်းကမကောင်း၊ တံတားကမရှိ၊ ယာဉ်ယန္တရားများက မပြည့်စုံ၊ တစ်နေရာက တစ်နေရာကို သွား၍မရ၊ လာ၍မရ ဖြစ်ခဲ့ရသဖြင့် သာရေးနာရေးများတွင် ဆွေမျိုးချင်းမတွေ့နိုင်၊ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝရေးရာများကို မဖြည့်ဆည်းနိုင်ခဲ့ရာကနေ ယခုဆိုလျှင် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကြီး အပါအဝင် တံတားကြီးများ၊ တံတားငယ်များလည်း ပြည့်စုံ၊ လေယာဉ်ကွင်းများလည်း တိုးချဲ့တည်ဆောက်ပြီး လမ်းများကိုလည်း အသစ်ဖောက်၊ အဟောင်းများပြင်ပြီးသဖြင့် မည်သည့်နေရာကိုသွားလိုသလဲ နေ့ညမရွေးသွားနိုင်ပြီဖြစ်ကြောင်း၊ ပြည်နယ်အတွင်းတွင် တည်ငြိမ်အေးချမ်းပြီး လယ်ယာမြေအသစ် ဖော်ထုတ်တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် သမိုင်းကြောင်းတွင် ဒေသဝမ်းစာဖူလုံမှုမရှိခဲ့သည့် အခြေအနေကနေ ဝမ်းစာဖူလုံသည့်အပြင် ပိုလျှံသော အခြေအနေအထိ တိုးတက်ပြောင်းလဲလာခဲ့ကြောင်း၊ ၎င်းတို့ကို ပြည်တွင်းကရော ပြည်ပကပါ မသိသေးသည့်သူများ၊ သိပါလျက်နှင့် မသိဟန်ဆောင်နေသောသူများ အားလုံးကို ဤနေရာကနေ သိကြပါတော့၊ နားလည်ကြပါတော့၊ ဟန်ဆောင်မှုများကို ခဝါချကြပါတော့ဟု ကချင်ပြည်နယ်လူထုကြီး၏ကိုယ်စား ပြောကြားလိုက်ပါကြောင်း။

၂၀၀၃ခုနှစ် ဩဂုတ် ၃၀ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအတွက် ရှေ့ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် မူဝါဒလမ်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသွားခဲ့ကြောင်း။

ပထမအဆင့်တွင် – ၁၉၉၆ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း၊

ဒုတိယအဆင့်တွင် – အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော

ကချင်ပြည်နယ်ကြီးတစ်ခုလုံး လုံခြုံငြိမ်းချမ်းတည်ငြိမ်ခြင်းအရသာများခံစားနေကြရပြီ

ကချင်ပြည်နယ်၏ အထူးခြားဆုံး တိုးတက်ပြောင်းလဲမှုကို ဖော်ပြရမည်ဆိုလျှင် ယခင်က စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရ၊ အေးချမ်းမှုမရှိသည့်ဘဝမှ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ စစ်မှန်သောစေတနာ၊ မှန်ကန်သောလုပ်ဆောင်ပေးမှုများကြောင့် ကချင်ပြည်နယ်ကြီးတစ်ခုလုံး လုံခြုံခြင်း၊ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းအရသာကို ပြည်နယ်သူ ပြည်နယ်သားအားလုံး ခံစားနေကြရပြီ။

သမိုင်းအစဉ်အလာကြီးမားသော နိုင်ငံတော်နှင့် လူမျိုးတို့၏ ပကတိအခြေအနေနှင့်ကိုက်ညီပြီး မိမိတို့ရည်မှန်းချက်ဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးကို အာမခံနိုင်ရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပီပြင်စွာပေါ်ထွန်းလာစေရန် အခြေခံမူကောင်းများရရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ယင်းအခြေခံမူကောင်းများရရှိရန်အတွက်မှာ အမျိုးသားညီလာခံကြီးကသာ စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံအကျဆုံးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါတွင် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ အဆင့်ဆင့်ဆောင်ရွက်သည့် နေရာတွင် အဓိက လိုအပ်ချက်များဖြစ်သော–

(၁) လူသားအရင်းအမြစ်
(၂) သဘာဝအရင်းအမြစ်
(၃) အရင်းအနှီး
(၄) နည်းပညာနှင့်
(၅) တည်ငြိမ်သောလုပ်ငန်းပတ်ဝန်းကျင်များကို မှန်မှန်ကန်ကန်အသုံးချ တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ရမည့်မူဝါဒလုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်စေရန်အတွက် နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်

စီးပွားကူးသန်း ရှေ့သို့လှမ်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာအားကစားကွင်း၌ ကျင်းပရာ သဘာပတိ မြစ်ကြီးနား တက္ကသိုလ် ပါမောက္ခချုပ် ဦးသင်းလှိုင် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

...ည့်ဖြားနေသော ပြည်တွင်းပြည်ပဘုံရန်သူများရှိနေကြသည်ကိုသတိရှိ ...မှုများကို အပြည့်အဝထောက်ခံကြောင်း ပြတ်ပြတ်သားသားကြေညာ



ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊

တတိယအဆင့်တွင် – အမျိုးသားညီလာခံကြီးကချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် အညီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲခြင်း၊

စတုတ္ထအဆင့်တွင် – ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍အတည်ပြုခြင်း၊

ပဉ္စမအဆင့်တွင် – ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း၊

ဆဋ္ဌမအဆင့်တွင် – ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများကျင်းပခြင်း၊

သတ္တမအဆင့်တွင် – လွှတ်တော်မှရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့ အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ ဖြစ်ကြောင်း။

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် သစ်တည်ဆောက်ရာတွင် ယင်းမူဝါဒလမ်းစဉ် အဆင့်ဆင့်သည် လက်တွေ့ကျသည့် မူဝါဒလမ်းစဉ်များဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ် အဆင့်ဆင့်ကို စနစ်တကျအကောင်အထည်ဖော်နိုင်မှသာ မိမိတို့လိုလားသည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ရောက်ရမည် ဖြစ်ကြောင်း။

ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံပြန်လည်ကျင်းပရေးသည် အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံးလုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ယင်းညီလာခံကသာလျှင် နိုင်ငံအတွက် အသက်တမျှ အရေးပါသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အခြေခံမူများကို ချမှတ်ပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်၌မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်သည်သာမက ပြည်ထောင်စုသားအားလုံး၏ အမျိုးသားစီးပွားကို အစဉ်တစိုက်ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရမယ်"**ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

အနာဂတ်မြန်မာနိုင်ငံတော်အတွက် ရေးဆွဲမည့် အခြေခံဥပဒေသည် ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေသည့် မည်သည့်လုပ်ဆောင်မှုကိုမဆို ဆန့်ကျင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်အတားအဆီး အခက်အခဲများပင်ရှိရှိ မူဝါဒလုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်အောင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်သွားမည်ဆိုသည်ကို ဤနေရာကနေ အသိပေးပြောကြားလိုက်ပါကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ် ခုနစ်ရပ်သည် အနာဂတ်နိုင်ငံတော်၏ အခြေခံအုတ်မြစ်များဖြစ်ကြောင်း၊ နိုင်ငံတော်ကိုချစ်သည့်ပြည်သူများ လိုလိုလားလား တောင်းတနေသည့် မူဝါဒလမ်းစဉ်များလည်းဖြစ်ကြောင်း၊ မိမိတို့ မျှော်မှန်းထားသော ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရန်အတွက် မလွဲမသွေ ဆောင်ရွက်သွားကြမည့် မူဝါဒလမ်းစဉ်များလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့တက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူများကတစ်ဆင့် တိုင်းရင်းသား ပြည်သူများအားလုံးကို နိုင်ငံတော်ဝန်ကြီးချုပ်မိန့်ခွန်းပါ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံး ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ "နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကျရာ အခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး"အဆိုကို မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဒေါ်ယုယုကြည်က တင်သွင်းရာတွင်–

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေးနှင့် မိမိနိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးရည်မှန်းချက်ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရန် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်သည် အဘက်ဘက်၌ တိုးတက်ဖွံ့ဖြိုးလျက်ရှိသည်ဆိုသည်ကို ငြင်း၍မရသည့်အချက်ဖြစ်ကြောင်း။

သာဓကအနေဖြင့် နိုင်ငံတစ်ဝန်းတိုးတက်ပေါ်ထွန်းလာသော လမ်းတံတားများကိုကြည့်လျှင်သိနိုင်ကြောင်း၊ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် မြစ်ကူးချောင်းကူးတံတားကြီးများနှင့်အတူ လမ်းမကြီးများကို နိုင်ငံတော်၏အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ကွန်ရက်သဖွယ်ဖောက်လုပ်ခဲ့သည့်အတွက် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းကဲ့သို့ မြစ်ချောင်းပေါများလှသည့်ဒေသများနှင့် နယ်စပ်ဒေသများ၊ မိမိတို့ ကချင်ပြည်နယ်အပါအဝင် တောင်တန်းများပေါများလှသောဒေသများ နိုင်ငံတော်၏နယ်မြေဒေသ အစိတ်အပိုင်းများအားလုံးသည် တစ်ဆက်တစ်စပ်တည်းရှိလာခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စီးပွားရေးတွက်ခြေကိုက်မှု တစ်ခုတည်းကိုသာမကြည့်ဘဲ အမြော်အမြင်ကြီးမားစွာဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဘဝများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုဆောင်ရွက်ခဲ့သည်ကို အထင်အရှားတွေ့နေခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် ဆေးရုံကြီးများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း တစ်နိုင်ငံလုံးဖြန့်ကြက်တည်ဆောက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် စီးပွားရေးကဏ္ဍ အချိုးကျဖွံ့ဖြိုးတိုးတက်လာစေရန် အကြီးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များကို တည်ဆောက်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) သည်လည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားတိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ သာဓကအားဖြင့် ၁၉၈၉–၉၀ ဘဏ္ဍာနှစ် မှ ၁၉၉၁–၉၂ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း GDP တိုးတက်မှုနှုန်းသည် တစ်နှစ်ပျမ်းမျှ ၅ဒသမ၉ရာခိုင်နှုန်းအထိရှိခဲ့ရာမှ ၂၀၀၂–၂၀၀၃ ခုနှစ်တွင် ၁၁ ဒသမ ၁ ရာခိုင်နှုန်းအထိတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် အလုပ်လက်မဲ့ဦးရေ လျော့နည်းသွားစေရန် နည်းလမ်းမျိုးစုံဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း၊ထို့ကြောင့် အလုပ်လက်မဲ့ဦးရေ ၁၀ သန်းခန့်ကို အလုပ်အကိုင်များ ထပ်မံပေးနိုင်ခဲ့သည့်အတွက် ယခု၂၉သန်းအထိ အလုပ်အကိုင် တိုးတက်ရှာဖွေပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

အမျိုးသားစီးပွားရေးတိုးတက်စည်ပင်မှု အခြေခံကောင်းများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးအခွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ပိုမိုထွန်းကားစေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို ဖော်ဆောင်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သောလုပ်ရပ်များနှင့် စစ်မှန်သော စေတနာများကို သိရှိခံစားကြရပြီး တိုင်းရင်းသားအဖွဲ့ ၁၇ဖွဲ့သည် ဥပဒေဘောင် အတွင်းဝင်ရောက်လာကာ နိုင်ငံတော်အတွင်း အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံဆောက်အအုံများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံဆောက်အအုံများကို ပူးပေါင်းပါဝင်တည်ဆောက်လာကြ၍ တည်ဆောက်မှုအရှိန်အဟုန်များသည် တိုးတက်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

ယနေ့ကာလတွင် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒ တစ်နည်းအားဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်ကြောင်း၊အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးအတွက် တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်နေသည့်အချိန်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုပြီး ကြွေးကြော်ခဲ့သည်များ များခဲ့ကြောင်း၊ သို့သော်လည်း လက်တွေ့မပါသော အပြောများကြောင့် တိုးတက်မှုရှိခဲ့သလား၊ မရှိခဲ့ဘူးလားဆိုသည်ကို မိမိတို့အားလုံးအသိပင်ဖြစ် ကြောင်း၊ယနေ့တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားပြည်သူများ အတွက်လက်တွေ့ကျကျဆောင်ရွက်ခဲ့သည်များကိုတင်ပြလိုကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁

သားငါးပွံ့ပြိုး ပြည်အကျိုး

ထစ်ချုန်းရွာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

စာမျက်နှာ ၉ မှ

၁။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဖွဲ့စည်းပြီး တိုင်းရင်းသားများ ဘဝဖွံ့ဖြိုးတိုးတက်ရန် တစိုက်မတ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း။

၂။ ဖွံ့ဖြိုးရေးဒေသအထူးဇုန် ၂၄ခုသတ်မှတ်ပြီး ဒေသအားလုံးမျှမျှတတဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၃။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအခြေခံလုပ်ငန်းစဉ် ငါးရပ်ချမှတ်ပြီး အစိုးရနှင့် ပြည်သူများပူးပေါင်းကာ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ယနေ့မိမိတို့ ကချင်ပြည်နယ်အပါအဝင် တိုင်းရင်းသားများဘဝ၊ ကျေးလက်နေပြည်သူများဘဝတို့သည် အခြေတင့်၍ အနေမြင့်နေကြရခြင်းကို ကိုယ်တိုင်ခံစားနေရသည့် မိမိတို့အားလုံးက ကျေနပ်ဝမ်းသာနေကြရကြောင်း၊ ယခုဆိုလျှင်လည်း အနာဂတ်မြန်မာနိုင်ငံတော်ကြီးအတွက် နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အင်တိုက်အားတိုက် ပါဝင်ကြရန် အထူးလိုအပ်ကြောင်း။

မိမိတို့ ကချင်ပြည်နယ်အနေဖြင့် တပ်မတော်အစိုးရ၏ နိုင်ငံတော်ကြီးအေးချမ်းတည်ငြိမ်တိုးတက်အောင် နေ့မအားညမနားစေတနာအပြည့်ဖြင့် ဆောင်ရွက်ချက်များကို မသိဟန်ဆောင်၊ မမြင်ဟန်ဆောင်နေကြသော အဖွဲ့အစည်းအချို့က ပြောနေကြသည့် မိမိနှင့်စပ်အပ်သည်၊ မစပ်အပ်သည်မသိ မျက်စိမှိတ်ပြီး ပုံတူကူးချသော ဒီမိုကရေစီမျိုးကို မည်သို့မျှ လက်ခံနိုင်မည်မဟုတ်ကြောင်း။

ယခုကဲ့သို့ပုံတူကူးချသည့် ဒီမိုကရေစီသည် အမိမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ အကျိုးစီးပွားကို မည်သို့မျှ ဖော်ဆောင်ပေးနိုင်မည် မဟုတ်ကြောင်း၊ သမိုင်းကြောင်းတွင်လည်း ပုံတူကူးဝါဒများ မြန်မာနိုင်ငံထဲကို ယူခဲ့ကြ၍ တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက်၊ တစ်ပါတီနှင့်တစ်ပါတီ စိတ်ဝမ်းများကွဲကြပြီး လွတ်လပ်ရေးရပြီးကတည်းက နိုင်ငံအတွင်းတွင် အေးချမ်းမှုများ၊ ငြိမ်သက်မှုများ ပျောက်ဆုံးကုန်ပြီး တိုးတက်မှုမရှိ ဆုတ်ယုတ်မှုအပြည့်ဖြင့်နေခဲ့ရသည့် ဘဝဆိုးကို မေ့ပျောက်၍ မရနိုင်သေးကြောင်း၊ ယခုမှ တပ်မတော်အစိုးရ၏ လုပ်ဆောင်မှုများကြောင့် ငြိမ်းချမ်းရေးဆိုသည်ကို မြင်ရ၊ တိုးတက်မှုဆိုသည်ကို ခံစားနေရသည့်ဘဝကို မည်သည့်ပယောဂကြောင့်မှ အပျောက်မခံနိုင်ကြောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ အစဉ်အလာယဉ်ကျေးမှုနှင့် ကိုက်ညီသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကိုပင် နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ကြားခဲ့သော လုပ်ငန်းစဉ်များနှင့်အညီ လိုချင်ကြောင်း၊ ပြည်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲမည့်အရေးကို ခါးသီးသည့် သမိုင်းကြောင်း အတွေ့အကြုံများ ခံစားခဲ့ရသော မိမိတို့ ကချင်ပြည်နယ်က လုံးဝမလိုလားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်မှာကြားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကို ဖော်ညွှန်းသော လုပ်ငန်းစဉ်များတွင် အပြည့်အဝ စိတ်ရောကိုယ်ပါ တိုင်းရင်းသားအားလုံး ညီညွတ်စွာဖြင့် ဖော်ဆောင်သွားကြပါစို့ဟု အဆိုပြုလိုက်ပါကြောင်း။

စစ်မှန်သော ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ၁၉၉၃ ခုနှစ်က စတင်ပြီး အမျိုးသားညီလာခံကို ကျင်းပခဲ့ကြောင်း၊ အမျိုးသားညီလာခံဆိုသည်မှာ အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပုံဖော်နိုင်ရန် ကျင့်သုံးကြရမည့် အခြေခံဥပဒေတစ်ခု ရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့်အခြေခံမှုများကို ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် ညီလာခံပင်ဖြစ်ကြောင်း၊ တစ်သီးပုဂ္ဂလများ၊ ပါတီကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအသီးသီး၊ လူထုလူတန်းစား ပေါင်းစုံကို ကိုယ်စားပြုသူများကို အမျိုးသားညီလာခံကြီးတွင် တရားဝင်ဆွေးနွေးခွင့်နှင့် ဆန္ဒဖော်ထုတ်ခွင့် ပေးထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ခိုင်မာသောဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီးတစ်ရပ် ဖြစ်ပေါ်လာရန်အတွက် အစုအဖွဲ့ဆွေးနွေးပွဲများ၊ စုံညီအစည်းအဝေးများတွင် ညီရင်းအစ်ကို၊ မောင်နှမစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ထို့ကြောင့်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် အသေးစိတ် အခြေခံရမည့် အခြေခံမှုများကို အောင်မြင်စွာ ရေးဆွဲချမှတ်နိုင်ခဲ့ကြောင်း။

သို့သော်လည်း ဆင့်ကဲဆင့်ကဲ လုပ်ဆောင်ရမည့် နိုင်ငံရေးလုပ်ငန်းလမ်းစဉ်များကို စနစ်တကျလိုက်ပါ ပူးပေါင်းဆောင်ရွက်ရမည့်အစား လွန်ခဲ့သော (၁၃)နှစ်ကျော်က ရွေးကောက်ပွဲရလဒ်ကို တရားသေဆုပ်ကိုင်ပြီး လွှတ်တော်ခေါ်ယူရေးနှင့် တွေ့ဆုံဆွေးနွေးရေးကို နိုင်ငံရေးတိုက်ကွက်တစ်ခုအဖြစ်အမြတ်ထုတ်လုပ်ဆောင်ခဲ့ကြသည်များ၊ နိုင်ငံရေးပါတီပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ ပါဝင်သော နိုင်ငံရေးဆိုင်ရာ အမြင့်ဆုံးတွေ့ဆုံဆွေးနွေးခွင့်ရနေသည့် အမျိုးသားညီလာခံကြီးကို ကျောခိုင်းကာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏၊ တစ်ပါတီ၏ အကျိုးစီးပွားသက်သက်ကိုသာကြည့်ပြီး ထင်ရာစိုင်းခဲ့ခြင်းဖြစ်ခဲ့ရကြောင်း၊ သို့သော်လည်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုတည်ဆောက်နိုင်မည်ဆိုလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အထောက်အကူဖြစ်မည်ပင်ဆိုသည့် ယုံကြည်ချက်ဖြင့် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သဘောထားကြီးစွာဖြင့် ကျောခိုင်းသူများကို တွေ့ဆုံမှုပြုပြီး ပြေလည်မှုအတွက် နည်းလမ်းများကို ဆွေးနွေးအဖြေရှာဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း မိမိတို့မျှော်လင့်ထားသကဲ့သို့ ဖြစ်ပေါ်မလာဘဲ ပြည်ပနိုင်ငံကြီးအချို့၏ ဖိအားပေးပိတ်ဆို့အကျပ်ကိုင်မှုများဖြင့် တည်ဆဲအစိုးရပြုတ်ကျရေးအတွက် စဉ်ဆက်မပြတ် နိုင်ငံရေးကစားခဲ့သည့် လုပ်ဆောင်ချက်များကြောင့် အရှိန်ရနေသည့်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို နှေးကွေးသွားစေခဲ့ကြောင်း၊ ရွှေပြည်တော်မျှော်တိုင်း ဝေးခဲ့ရကြောင်း။

မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် နှစ်ပေါင်းထောင်ချီကာ စည်းလုံးညီညွတ်စွာ ဥမကွဲ၊ သိုက်မပျက် စုစည်းနေထိုင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလွန်အလေးအနက်ထားသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဝါဒ လမ်းစဉ်ကို ချမှတ်ထားခဲ့ကြောင်း၊ အဆိုပါ အမျိုးသားရေးမူဝါဒနှင့်အညီ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် နိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်နှင့် လူမှုရေးဦးတည်ချက်လေးရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ နိုင်ငံရေးဦးတည်ချက်လေးရပ်ထဲတွင် နိုင်ငံတော်ကို မည်ကဲ့သို့တည်ဆောက် မည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းကို တွေ့ရကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ်ပေါ်ပေါက်ရေးသည် အနာဂတ် နိုင်ငံတော်အသစ် တည်ဆောက်ရေးအတွက် အရေးပါဆုံးသော့ချက်ပင်ဖြစ်ကြောင်း။

မိမိအနေဖြင့် နိဂုံးချုပ်တင်ပြလိုသည်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရှေ့ဆက်သွားရမည့်မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်ပြီး လမ်းညွှန်မိန့်ကြားသွားသည့်မိန့်ခွန်းသည် နိုင်ငံတော်၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးရပ်၏ ဖြစ်ပေါ်ပြောင်းလဲလာသော မြန်မာနိုင်ငံ၏ ပကတိအခြေအနေများဖြစ်သည့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ နိုင်ငံရေးအခြေအနေဖြစ်ပေါ်ပြောင်းလဲလာမည့် အနာဂတ်၏ခရီးလမ်းကြောင်းကို အမျိုးသားရေးအမြင်ဖြင့် လမ်းညွှန်ရှင်းလင်းသွားသည့်လမ်းပြမီးရှူးတိုင်ဖြစ်သည့်အတွက် ရွှေပြည်တော်မျှော် မဝေးပြီမို့ ဖြစ်ရအောင် ယခုလူထုအစည်းအဝေးကြီးကနေ "နိုင်ငံတော် ၏ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး" အဆိုကို အလေးအနက် တင်သွင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး ကျင်းပရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာအားကစားကွင်းသို့ တက်ရောက်လာသော တိုင်းရင်းသား ပြည်သူများကို တွေ့ရစဉ်။

(သတင်းစဉ်)

ထို့နောက် **"နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး"အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးကြရာ၌ ရှေးဦးစွာ ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းသိန်းအောင်က ထောက်ခံဆွေးနွေးရာတွင်** အဆိုရှင်ဒေါ်ယုယုကြည် တင်သွင်းသွားသည့်အတိုင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို ဦးတည်ပြီးချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို နေ့မအား၊ ညမအား တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင် ပီပီပြင်ပြင်ဖြင့် ခိုင်မာစွာရောက်ရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း အမျိုးသားစည်းလုံးညီညွတ်မှုအခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးမှုအခြေခံကောင်းများ၊ လူမှုဖွံ့ဖြိုးမှုအခြေခံကောင်းများ၊ နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာအခြေခံကောင်းများအစရှိသည့် ကောင်းကျိုးရလဒ်များကို ပြည်သူများ မျက်ဝါးထင်ထင် တွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီး ဟန်ချက်ညီညီ တိုးတက်လာအောင် နိုင်ငံတော်အစိုးရသည် စနစ်တကျဦးဆောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တင်ပြသွားလိုကြောင်း၊ အထူးသဖြင့် တပ်မတော်အစိုးရမတိုင်မီအခြေအနေနှင့် ယခု ၂၀၀၃ခုနှစ် အခြေအနေကို နှိုင်းယှဉ်ရှင်းလင်း ဖော်ပြသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင်ပင်ကြည့်ကြည့် မိမိတို့ ကချင်ပြည်နယ်၌ပင်ကြည့်ကြည့် တည်ဆောက်မှုများ၊ တိုးတက်ဖြစ်ထွန်းမှုများကို ကဏ္ဍအသီးသီးတွင် လက်ညိုးထိုးမလွဲ တွေ့နေရ၍ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်မှုများကို ပြည်သူပြည်သားများအားလုံးက အားရကျေနပ်နေကြကြောင်း။

စိုက်ပျိုးရေးကဏ္ဍကို တင်ပြရမည်ဆိုလျှင် ကချင်ပြည်နယ်အနေဖြင့် ယခင်က အသားတင်စိုက်ပျိုးမြေသည် ၃ ဒသမ ၆ သိန်းကျော်သာရှိခဲ့ပြီး ယခုအခါ စိုက်ပျိုးမြေ ၅ ဒသမ ၆ သိန်းကျော် ရှိခဲ့ပြီဖြစ်ကြောင်း၊ ဧကပေါင်း နှစ်သိန်းကျော် တိုးချဲ့ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်သည် ၁၉၉၈ ခုနှစ်မှစပြီး သမိုင်းကြောင်းတွင် တစ်ကြိမ်မှ မဖြစ်ဖူးသေးသော ဝမ်းစာဆန်စပါး ဖူလုံသည့် ပြည်နယ်တစ်ခုဖြစ်လာခဲ့ကြောင်း၊ စိုက်ပျိုးရေရရှိရေးအနေဖြင့် တပ်မတော်အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံး ယနေ့အထိ ဆည်မြောင်းတာတမံပေါင်း ၁၅၀ ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ လယ်ယာမြေဧက နှစ်သန်းကျော်ကို ရေပေးဝေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကချင်ပြည်နယ်အတွင်း၌လည်း ဘန်ဒေါင်ယန် ရေလွှဲဆည်၊ နမ့်ဆိုင်းရေလွှဲဆည်၊ ကဇွန်းခရေလွှဲဆည်၊ နမ့်တာလဲရေလွှဲဆည်နှင့် မြို့ကုန်းမြစ်ရေတင်စီမံကိန်း၊ မြို့သစ်ကလေးမြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးခဲ့ကြောင်း။

လမ်းတံတားများအနေဖြင့် ကချင်ပြည်နယ်တွင် ၁၉၈၈ ခုနှစ်က ကတ္တရာ၊ ကျောက်ခင်း၊ မြေသားလမ်းစုစုပေါင်း အရှည်မိုင် နှစ်ထောင်ကျော်ရှိခဲ့ကြောင်း၊ ယခုအခါ လမ်းအရှည်မိုင်ပေါင်း နှစ်ထောင့်ခြောက်ရာကျော်အထိ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တိုးတက်ဆောင်ရွက်နိုင်သည့် လမ်းမိုင်ပေါင်းသည် ခြောက်ရာကျော်ရှိခဲ့ကြောင်း။

ကချင်ပြည်နယ်အနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည့် ဗလမင်းထင်တံတားကြီး အပါအဝင် ပေ ၁၈၀ အထက် တံတား ၁၁ စင်း တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ ယခုအခါ တံတားခြောက်စင်းကိုလည်း ဆောက်လုပ်နေဆဲဖြစ်ကြောင်း။

မိမိတို့ကချင်ပြည်နယ်သည် မြင့်မားဝေသီသော တောင်တန်းများနှင့် မြစ်ချောင်းပေါများပြီး တောတောင်ထူထပ်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ တစ်ချိန်က တစ်နေရာမှတစ်နေရာကို သွားလာရာတွင် လွန်စွာခက်ခဲလှကြောင်း၊ သို့သော်လည်း ယခုအခါတွင် မြစ်ကြီးနား-ဗန်းမော်လမ်းမကြီးကို ပြင်ဆင်ခြင်း၊ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းမကြီးနှင့် မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်လမ်းမကြီးများကို ပြုပြင်ဖောက်လုပ်ခြင်းများ ပြီးသွားပြီဖြစ်၍ ကချင်ပြည်နယ်ကနေ နိုင်ငံအနှံ့ လွယ်ကူစွာ သွားလာနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင် မြောက်ဖျား မေခမြစ်ဝှမ်းဒေသက ဆဒုံး၊ ဆမား၊ ပန်းဝါ၊ ချီဖွေ၊ လောခေါင်ကနေ မြစ်ကြီးနားကိုလည်းကောင်း၊ မလိခမြစ်ဝှမ်းဒေသ၊ နောင်မွန်၊ ပူတာအို၊ မချမ်းဘော၊ ဆွမ်ပရာဘွမ် ကနေ မြစ်ကြီးနားကိုလည်းကောင်း အလွယ်တကူသွားလာနိုင်ပြီဖြစ်၍ မြန်မာနိုင်ငံမြောက်ဖျားစွန်းဒေသကနေ မြန်မာနိုင်ငံတောင်ဘက်စွန်းရှိ ကော့သောင်းမြို့အထိ ခရီးလမ်းပန်းပွင့်လန်းသွားခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် မြောက်ဖျားမှ တောင်ဖျားအထိ ကားလမ်းဆက်ကြောင်းကြီး ပေါ်လာခဲ့ရုံမျှမက အရှေ့ဘက်ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့ကနေ အနောက်ဘက် ရခိုင်ပြည်နယ်အနှံ့ကိုလည်းကောင်း၊ ချင်းပြည်နယ်နှင့် ကလေး၊ တမူးဒေသများကိုလည်းကောင်း လွယ်လင့်တကူ သွားလာနိုင်သည့် အရှေ့အနောက် လမ်းမကြီးများလည်းပေါ်ပေါက်ခဲ့ကြောင်း၊ ရှမ်းရိုးမ၊ ပဲခူးရိုးမ၊ ရခိုင်ရိုးမစသော ရိုးမဖြတ်လမ်းများ၊ ရိုးမပတ်လမ်းများလည်း တိုးတက်ဖြစ်ထွန်းခဲ့ကြောင်း။

ထို့ကြောင့်လည်း မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ဘဝသည် ခေတ်အဆက်ဆက် နီးရက်နှင့်ဝေးနေခဲ့ကြရသည့် အနေအထားကနေ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် စေတနာ၊ မေတ္တာများကြောင့် ညီရင်းအစ်ကို မောင်ရင်းနှမများ ဆွေမျိုးရင်းချာများ အလွယ်တကူတွေ့ဆုံဆက်သွယ်နိုင်ကြရပြီဖြစ်ကြောင်း။

ထို့အပြင် မိမိတို့ကချင်ပြည်နယ်တွင် အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဆက်သွယ်နိုင်သည့် Telecommunications စနစ်ကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ ယခုအခါတွင် ယခင်ကလုံးဝမရှိခဲ့သော Digital Microwave စခန်း ၁၃ ခုကို တည်ဆောက်ပြီးဖြစ်ကြောင်း၊ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင်မြို့များတွင် အော်တိုတယ်လီဖုန်းစနစ်ကို တပ်ဆင်ပေးခဲ့ပြီးဖြစ်သည့်အပြင် ရွှေကူ၊ ဖားကန့်၊ နမ္မတီးမြို့များတွင်လည်း တပ်ဆင်နေပြီဖြစ်ကြောင်း၊ ဝေးလံသောဒေသများဖြစ်သည့် ပူတာအို၊ ပန်းဝါ၊ ချီဖွေ၊ တနိုင်းနှင့် ဆွမ်ပရာဘွမ်ဒေသများတွင်လည်း ဂြိုဟ်တုဆက်သွယ်ရေးစခန်းများနှင့် ကျေးလက်ဒေသများတွင် ကျေးလက်ဆက်သွယ်ရေးစခန်း ၁၂ ခုကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ပြည်နယ်သူ ပြည်နယ်သားများသည် ပြည်နယ်အတွင်း၊ နိုင်ငံအတွင်း၌သာမက ကမ္ဘာအနှံ့အချိန်နှင့် တစ်ပြေးညီဆက်သွယ်နိုင်ကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"လူငယ်တွေဟာ လူ့စွမ်းအားအရင်းအမြစ်မှာ အခြေခံအကျဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ခုရဲ့ လူ့စွမ်းအားအရင်းအမြစ်ဟာ အဲဒီနိုင်ငံရဲ့ ချမ်းသာကြွယ်ဝမှုဖြစ်ကြောင်း၊ အရည်အသွေးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်ဟာ သဘာဝအရင်းအမြစ်တွေကို တန်ဖိုးမြင့်မားလာအောင် ဖန်တီးပြီး နိုင်ငံနဲ့လူမျိုးရဲ့ အဆင့်အတန်းကို မြင့်မားအောင် ဆောင်ကြဉ်းနိုင်စွမ်းရှိကြောင်း"** မိန့်ကြားခဲ့ကြောင်း၊ ယင်းမိန့်ကြားချက်နှင့်အညီ ပညာရေးကဏ္ဍကို ***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးမြင်ကွင်းများ



နမ့်ခမ်းခ ရေအားလျှပ်စစ်

ကချင်ပြည်နယ် မိုးကောင်းမြို့ အရှေ့မြောက်ဘက် ၁၄ မိုင်အကွာ နမ်းခမ်းခချောင်းပေါ်တွင် တည်ဆောက်ထားပြီး မိုးကောင်းမြို့၊ နမ္မတီးမြို့၊ ဆားမော်မြို့ အပါအဝင် ပြည်နယ်အတွင်းရှိ မြို့ပြနှင့် ကျေးလက်များသို့ ဓာတ်အားများ တစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်းပေါင်း ၁၆ ဒသမ ၀ ကီလိုဝပ် ထုတ်လုပ်နိုင်သည့် နမ်းခမ်းခ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် နိုင်ငံတော်က တည်ဆောက်ထားသည့် ကန်တော်ယန် သစ်ခက်ရေလွှဲဆည်နှင့် ရေပေးမြောင်းများဖြင့် လယ်ယာမြေဧက ၁၂၀၀၀ အထိ တိုးချဲ့ရေပေးဝေနိုင်ရန် စီမံဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ဗလမင်းထင်တံတား

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည့် အရှည် ၂၆၈၈ ပေရှိ ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား။

ကချင်ပြည်နယ်တွင် စိုက်ပျိုးမြေဧက ၅ဒသမ ၆သိန်းကျော်ရှိခဲ့ပြီးဖြစ်သည်။ လမ်းအရှည်မိုင်ပေါင်း နှစ်ထောင့်ခြောက်ရာကျော် တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်နယ်အတွင်း ပေ ၁၈၀ အထက် တံတား ၁၁ စင်း တည်ဆောက်နိုင်ခဲ့ပြီး တံတားခြောက်စင်း ဆောက်လုပ်ခဲ့သည်။ ဆက်သွယ်ရေးကဏ္ဍတွင် ဒီဂျစ်တယ်မိုက္ကရိုဝေ့ဗ်စခန်း ၁၃ ခု တည်ဆောက်ပြီးဖြစ်သည်။

ထို့အပြင်ဂြိုဟ်တုဆက်သွယ်ရေးစခန်း ၁၂ခုကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ပညာရေးကဏ္ဍတွင် အထက်တန်းကျောင်း ၁၃ကျောင်း၊ အလယ်တန်းကျောင်း ၁၇ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၁၄ ကျောင်း၊ မူလတန်းကျောင်း ၁၀၁ ကျောင်း၊ တက္ကသိုလ်တစ်ခု၊ နည်းပညာကောလိပ်နှစ်ခု၊ ကွန်ပျူတာကောလိပ်နှစ်ခု၊ ဒီဂရီကောလိပ် တစ်ခုတို့ကို တည်ဆောက်ပေးခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ ၄၃ ရုံရှိခဲ့ပြီး ခုတင်(၁၀၀)ဆံ့၊ ခုတင်(၂၀၀)ဆံ့၊ ခုတင်(၃၀၀)ဆံ့ ဆေးရုံများ တည်ဆောက်ပေးခဲ့သည်။

ပန်ဝါမြို့

နိုင်ငံတော် အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်၍ ဆောင်ရွက်လျက်ရှိရာတွင် ကချင်ပြည်နယ်တွင် ကချင်အထူးဒေသ(၁) ချီဖွေမြို့နယ် ပန်ဝါဒေသကို ဖွံ့ဖြိုးတိုးတက်သော မြို့တစ်မြို့အဖြစ် တည်ဆောက်လျက်ရှိသည်။ ပန်ဝါမြို့တွင် လီဆူး၊ ရဝမ်၊ လချိတ်၊ လော်ဝေါနှင့် ဂျိန်းဖော တိုင်းရင်းသားများ နေထိုင်ကြသည်။

ကချင်ပြည်နယ် တနိုင်းမြို့ရှိ တနိုင်းတံတား



စာမျက်နှာ ၁၀ မှ

တိုးမြှင့်ဆောင်ရွက်ခဲ့ရာတွင် ကချင်ပြည်နယ်အတွင်း တပ်မတော်အစိုးရ၏ စေတနာကြောင့် အထက်တန်းကျောင်း ၁၃ ကျောင်း၊ အလယ်တန်းကျောင်း ၁၇ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၁၄ ကျောင်း၊ မူလတန်းကျောင်း ၁၀၁ ကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ တက္ကသိုလ်ကောလိပ်အနေဖြင့် တင်ပြရမည်ဆိုလျှင် ယခင်က ကောလိပ်တစ်ခုသာ ရှိခဲ့ကြောင်း၊ ယခု တက္ကသိုလ်တစ်ခု၊ နည်းပညာကောလိပ်နှစ်ခု၊ ကွန်ပျူတာကောလိပ်နှစ်ခု၊ ဒီဂရီကောလိပ်တစ်ခု စုစုပေါင်းခြောက်ခုရှိခဲ့ပြီဖြစ်ကြောင်း၊ မိုးညှင်း ဒီဂရီကောလိပ်နှင့် မိုးညှင်းစက်မှုလက်မှုသိပ္ပံတို့ကိုလည်း ဆောက်လုပ်နေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်လူငယ်လူရွယ်များသည် အဆင့်မြင့်နည်းပညာလေ့လာသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီရရှိနေပြီဖြစ်ကြောင်း။

တစ်နိုင်ငံလုံးအနေဖြင့် ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းများ တိုးတက်ပွားများလာသည်နှင့်အညီ ဆရာ ဆရာမအင်အားသည်လည်း ၁၉၈၈ ခုနှစ်တွင် တစ်သိန်းခုနစ်သောင်းသုံးထောင်ကျော်မှ နှစ်သိန်းနှစ်သောင်းနှစ်ထောင်ကျော်ရှိလာခဲ့ကြောင်း၊ ကျောင်းသား ကျောင်းသူအင်အားသည်လည်း ငါးသန်းနှစ်သိန်းကျော်မှ ခုနစ်သန်းငါးသိန်းကျော်အထိ တိုးတက်လာခဲ့ကြောင်း၊ သက်ကြီးစာတတ်မြောက်မှုတွင်လည်း ၇၈ ရာခိုင်နှုန်းကနေ ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း၊ ယခု ၂၀၀၃ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူပေါင်းလည်း ရှစ်သိန်းကိုးသောင်းကျော်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များတွင် ပါရဂူတန်း၊ မဟာတန်းအပါအဝင် ဘွဲ့အမျိုးအစားပေါင်း ၁၅၀ အထိ ပြည်တွင်း၌ လေ့ကျင့်အပ်နှင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အတူ အသက်မွေးပညာဆိုင်ရာ ဘာသာရပ်များတွင်လည်း ဘွဲ့အမျိုးအစားပေါင်း သုံးရာတစ်ဆယ့်သုံးမျိုးအထိ ကျယ်ပြန့်စွာပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ နည်းပညာကဏ္ဍတွင်လည်း မဟာဘွဲ့ရတစ်ထောင့်လေးရာနှစ်ဆယ့်လေးဦးနှင့် ပါရဂူဘွဲ့ရတစ်ရာနှစ်ဆယ့်ရှစ်ဦးထိ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ကချင်ပြည်နယ်၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်နိုင်မှု အခြေအနေကိုကြည့်လျှင် ယခင်က ဆေးရုံ ၃၅ ရုံရှိခဲ့ရာမှ ယခုအခါ ၄၃ ရုံရှိပြီဖြစ်ကြောင်း၊ ဆေးရုံအသစ်ရှစ်ခုတိုးတက်လာကြောင်း၊ မြစ်ကြီးနားပြည်သူ့ဆေးရုံကိုလည်း ခုတင် (၂၀၀) ဆံ့မှ ခုတင် (၃၀၀) ဆံ့ဆေးရုံကြီးအဖြစ် တိုးချဲ့ပေးခဲ့ကြောင်း၊ ဗန်းမော်ခရိုင်ဆေးရုံကို ခုတင်(၂၀၀)ဆံ့၊ ပူတာအိုခရိုင်ဆေးရုံကို ခုတင်(၁၀၀)ဆံ့ တိုးချဲ့ပေးခဲ့၍ ယခုအခါတွင် ဆေးရုံကြီးများ၏ အင်္ဂါရပ်နှင့်အညီ ပါရဂူကြီးများ၏ ဆေးဘက်ဆိုင်ရာ ကုသစောင့်ရှောက်မှုများကို ခံစားနေရ ပြီဖြစ်ကြောင်း၊ တစ်ချိန်က မိမိတို့ပြည်နယ်တွင် ကျန်းမာရေးဝန်ထမ်းပေါင်း ၇၀၇ ဦးသာရှိခဲ့ရာမှ ယခုအခါ ၉၈၂ ဦးအထိ တိုးတက်တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း။

မိမိတို့ နိုင်ငံအတွင်းနှင့် မိမိတို့ပြည်နယ်အတွင်းတွင် မည်မျှအထိတိုးတက်ဖြစ်ထွန်းမှုများ ဖြစ်ပေါ်ခဲ့သည်ဆိုခြင်းကို မိမိတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆိုလျှင် မိမိတို့ ကချင်ပြည်နယ်ကြီးသည် တည်ငြိမ်အေးချမ်းပြီး တိုးတက်ဖြစ်ထွန်းမှုများကို ပြည့်ပြည့်ဝဝအားပါးတရ ခံစားနေကြပြီဖြစ်ကြောင်း၊ သို့သော်လည်း တိုးတက်ဖြစ်ထွန်းမှုများကို မျက်ကွယ်ပြု၊ ပြည်သူ့ဆန္ဒကို အလေးမထား၊ မိမိတို့ဖြစ်ချင်ရာကို နှပ်ကြောင်းပေး၊ မီဒီယာအားကိုးဖြင့် မဟုတ်မဟတ် လုပ်ကြံဇာတ်များခင်းပြီး အမှန်ကိုအမှားဖြင့် ဖုံးကွယ်၊ စေတနာမေတ္တာကို လောဘ၊ဒေါသ၊ မောဟများဖြင့် ဖုံးကွယ်ပြီး လိမ်လည်လှည့်ဖြားနေကြသော ပြည်တွင်း ပြည်ပက အဖျက်သမား ဘုံရန်သူများရှိနေကြသည်ဆိုသည်ကို သတိရှိကြရန် တင်ပြလိုကြောင်း၊ ယင်းအဖျက်သမားဘုံရန်သူများကို မိမိတို့ ကချင်ပြည်နယ်က လုံးဝလက်မခံနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုများကို အပြည့်အဝထောက်ခံကြောင်းကို မိမိ ဤနေရာကနေ တိုင်းရင်းသားပြည်သူများကိုယ်စား တိတိလင်းလင်း ပြတ်ပြတ်သားသား ကြေညာလိုက်ပါကြောင်း။

ယခုဆိုလျှင် မိမိတို့ နိုင်ငံတော်အစိုးရက **STABILITY** တည်ငြိမ်ခြင်း၊ **PEACE** ငြိမ်းချမ်းခြင်း၊ **DEVELOPMENT** တိုးတက်ဖြစ်ထွန်းခြင်းများကို ဖော်ဆောင်ပေးနေသည့်အပြင် နိုင်ငံတော်၏ အနာဂတ်နောင်ရေးအတွက် **CONSTITUTION** ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ထွက်လာရန် မူဝါဒလမ်းစဉ်များချမှတ်ပြီး ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဤအချိန်တွင် မိမိတို့အားလုံးသည် အမျိုးဂုဏ်ဇာတိဂုဏ်ထိန်းသိမ်းပြီး အမိပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်စေရန်၊ စီးပွားရေးအခြေခံကောင်းများ ပေါ်ထွက်လာစေရန်၊ အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် လက်တွဲညီညီဖြင့် ချီတက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့သည် ခြောက်တိုင်းလည်း ကြောက်ရန်မလိုကြောင်း၊ မြှောက်တိုင်းလည်းမြှောက်ရန်မလိုကြောင်း၊ အစိုးရနှင့် ပြည်သူလက်တွဲညီညီဖြင့် ပေါ်ပေါက်လာမည့် အတားအဆီး၊ အဖျက်အမှောင့်များကို သတိရှိရှိဖြင့် ကျော်လွှားပြီး ရည်မှန်းချက် ပန်းတိုင်ကို မျက်ခြည်မပြတ် အစီအစဉ်တကျ တစိုက်မတ်မတ် ချီတက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်သည် မိမိတို့ နိုင်ငံသူ နိုင်ငံသားများအားလုံးအတွက် အလွန်တရာမှ အရေးကြီးသော လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ဤသည်မှာ မိမိတို့နိုင်ငံ၏ Road Map ပင်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့ အားလုံးသည် အမိမြန်မာနိုင်ငံ၏ နိုင်ငံ့သားကောင်းသမီးကောင်းများပီသစွာ ကိုယ်စီကိုယ်စီ ကျရာအခန်းကဏ္ဍကနေ ပါဝင်သယ်ပိုးဆောင်ရွက်သွားကြပါစို့ဟု အဆိုရှင်ဒေါ်ယုယုကြည် တင်သွင်းသွားသောအဆိုကို လိုက်လိုက်လှဲလှဲ ထောက်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကျရာ အခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွအင်တိုက်အားတိုက် ပါဝင်ရေး" အဆိုနှင့် စပ်လျဉ်း၍ ကချင်စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီ ဝင်တရားရုံးချုပ်ရှေ့နေ ဒေါ်အင်ဘရန်ဒွဲဘူက ထောက်ခံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် ပတ်သက်၍ အပိုင်းသုံးပိုင်းခွဲပြီး ရှင်းလင်းသွားခဲ့ကြောင်း၊ ယခုကဲ့သို့ ရှင်းလင်းရာတွင် ပထမပိုင်းအနေဖြင့် အစိုးရစတင်တာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်အတွင်း ကဏ္ဍအလိုက်ဖြစ်ထွန်းအောင်မြင်မှုများကို ကိန်းဂဏန်းအတိအကျ ဖော်ပြရှင်းလင်းသွားသည်ကိုတွေ့ရကြောင်း၊ ဒုတိယပိုင်းတွင် တပ်မတော်က တိုင်းပြည်၏ တာဝန်များကို အဘယ်ကြောင့်ယူခဲ့ရသည်ဆိုသည်ကိုလည်းကောင်း၊ တာဝန်ယူပြီးနောက် နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကိုလည်းကောင်း ဖြစ်ရပ်မှန်များနှင့်ယှဉ်ပြီး ရှင်းလင်းသွားကြောင်း၊ တတိယပိုင်းအနေဖြင့် နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ချပြသွားသည်ကို တွေ့ရကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာအားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်မည်ဆိုလျှင် တပ်မတော်တာဝန်မယူမီ ၁၉၈၈ခုနှစ် မတိုင်မီအခြေအနေနှင့် ယခုအခြေအနေတို့သည် မယှဉ်သာအောင် ကွာခြားနေသည်ဆိုသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ လက်ရှိဖွံ့ဖြိုးတိုးတက်မှုများသည် မည်သူမှ ငြင်း၍မရသည့် အစိုးရနှင့် တိုင်းရင်းသားပြည်သူတို့၏ အောင်မြင်မှုများပင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းများအားလုံး အကြားအလပ်မရှိ မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသတစ်ခုနှင့်တစ်ခုဖွံ့ဖြိုးမှု ကွာဟချက်တဖြည်းဖြည်း ကျဉ်းမြောင်းပပျောက်သွားစေရန်နှင့် ဒေသတစ်ခုချင်းအလိုက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးများနှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို စနစ်တကျ ပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နယ်မြေဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့်နေရာတွင် မြို့ပြ/နယ်စပ်ဒေသနှင့် ကျေးလက်ဒေသမကျန် အကြားအလပ်မရှိ မျှတစွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခုနှင့် ဖွံ့ဖြိုးရေးအထူး အစီအမံများဆောင်ရွက်ပေးခြင်း၊ အေးချမ်းတည်ငြိမ်မှုရရှိလာသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံလုပ်ငန်းစဉ် ငါးရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

မိမိအနေဖြင့် အလေးအနက်ထားပြီး ထောက်ခံတင်ပြလိုသည်မှာ တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ရရှိဖြစ်ထွန်းလာခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုများပင် ဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအလေးထား အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသဆိုင်ရာဝန်ကြီးဌာန အသစ်တစ်ခုကိုလည်း ထပ်မံဖွဲ့စည်းပေးပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြင့်မားရေးများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မူလပထမက ငြိမ်းချမ်းရေးရရှိလာခဲ့သည့် နယ်မြေဒေသများတွင်သာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းကာလတွင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခဲ့သည့် နိုင်ငံအဝန်း နယ်စပ်ဒေသများအားလုံးကို တိုးချဲ့လွှမ်းခြုံသည်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုဆိုလျှင် နယ်စပ်ဒေသများတွင် ပေါင်းစည်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူ ၅ ဒသမ ၃ သန်းကျော်သည့် ဖွံ့ဖြိုးမှု၊ တိုးတက်မှုများကို ရယူခံစားနိုင်ပြီဖြစ်ကြောင်း၊ ထိုဖွံ့ဖြိုးမှုများအတွက် နိုင်ငံတော်အနေဖြင့် ကျပ်သန်းပေါင်း လေးသောင်းငါးထောင်ကျော်နှင့် အမေရိကန်ဒေါ်လာ ၅၀၆ သန်းကျော်အထိ ကျခံသုံးစွဲခဲ့သည်ကို ဝမ်းမြောက်ကြည်နူးဖွယ် တွေ့ကြရမည်ဖြစ်ကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ပေးမှုများကြောင့် နယ်စပ်ဒေသအချို့တွင် ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာသည်ကို တွေ့မည်ဖြစ်ကြောင်း၊ ယခင်ကာလက ရွာသာသာရှိသည့် ဒေသများသည် ယခုအခါတွင် မြို့ကြီးတစ်မြို့၏ အင်္ဂါရပ်များဖြင့် ပြည့်စုံနေပြီဆိုသည်ကို တွေ့မြင်နိုင်ကြောင်း၊ ကချင်ပြည်နယ်မှ ပန်ဝါ၊ ရှမ်းပြည်နယ်မှ လောက်ကိုင်၊ နန်းတစ်၊ ပန်ဆန်း၊ မိုင်းလားစသော နယ်စပ်မြို့များသည် ရန်ကုန်မြို့တော်နှင့်မခြား ခေတ်မီတိုက်တာ အဆောက်အအုံများ၊ နိုင်ငံတကာအဆင့်ရှိ ဟိုတယ်ကြီးများ၊ အဆင့်မြင့်ကုန်တိုက်ကြီးများ တည်ရှိနေပြီဖြစ်ကြောင်း၊ ၎င်းတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ပြည်ထောင်စုမပြိုကွဲရေးဆိုသည့် အမျိုးသားရေးမူဝါဒများကို လက်တွေ့ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

အထက်တွင် ဖော်ပြခဲ့သည့် ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းမှုများသည် မည်သည့်ပြည်ပ နိုင်ငံ၏ အထောက်အပံ့ကြောင့်မှမဟုတ်ဘဲ မိမိနိုင်ငံတွင်းတွင်ရှိသည့် တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတော်အစိုးရ လက်တွဲဆောင်ရွက်မှုများကြောင့် ဖြစ်သည်ဆိုသည်ကို လက်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ဖန်တီးနိုင်စွမ်းရှိသည်ဆိုသည်ကို လက်တွေ့ပြခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိတယ်"ဆိုသည့်သာဓကပြခြင်းပင်ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ထိတ်လန့်တုန်လှုပ်ချောက်ချားဖွယ်ကောင်းပြီး မင်းမဲ့စရိုက်ဆန်သည့် အကြမ်းဖက်ဆူပူလှုပ်ရှားမှုများကြောင့် တပ်မတော်အနေဖြင့် မလွှဲမရှောင်သာတော့သည့်အတွက် နိုင်ငံ့တာဝန်အရပ်ရပ်ကို တာဝန်ယူခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တာဝန်ယူပြီးသည့်နောက်တွင် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းနေသည့် နိုင်ငံတစ်ဝန်းလုံး၏ အခြေအနေများကို ပုံမှန်ပြန်ဖြစ်လာစေရန် ဆောင်ရွက်ပေးရုံသာမက အနာဂတ်ကာလတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ပုံဖော်ပေးရမည့် သမိုင်းပေးတာဝန်သည်လည်း တပ်မတော်အစိုးရအပေါ် ကျရောက်လာခဲ့ကြောင်း၊ အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ခုဖြစ်လာစေရန် စစ်မှန်၍ စည်းကမ်းရှိသော ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ပုံဖော်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီဆိုသည့်နေရာတွင် မိမိနိုင်ငံ၏ ပထဝီအခြေအနေ၊ လူမျိုးနှင့်ယဉ်ကျေးမှု၊ သမိုင်းကြောင်းအခြေခံပေါ်တွင် တည်မှီပြီး ရုပ်လုံးဖော်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းတစ်ပါးက ဒီမိုကရေစီကို ပုံတူကူးချပြီး ချက်ချင်းပြောင်းလဲပုံဖော်၍ မရဘူးဆိုသည်ကို နက်နက်နဲနဲ သိရှိရန် လိုအပ်ကြောင်း။

အနာဂတ်နိုင်ငံတော်ကြီးကို ပုံဖော်တည်ဆောက်ကြသည့်နေရာတွင် နိုင်ငံတော်အတွင်းအေးချမ်းသာယာမှု၊ စည်ပင်ဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရန်အပြင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပင်မဏ္ဍိုင်များဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ထွန်းကားပြန့်ပွားနေစေရေးအတွက်ကိုပါ တိကျခိုင်မာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး ကြိုးပမ်းအကောင်အထည် ဖော်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"တိုင်းရင်းသားပြည်သူများသည် သမိုင်းစဉ်တစ်လျှောက် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြကာ ဥမကွဲသိုက်မပျက်နေထိုင်ခဲ့ကြပြီး အရေးကြီးလျှင် သွေးနီးသည်ဟူသော စကားနှင့်အညီ ပြည်ထောင်စုအပေါ်ကျရောက်ခဲ့သော ရန်စွယ်အန္တရာယ်ဟူသမျှကို စုပေါင်း၍ တိုက်ခိုက်တွန်းလှန်နိုင်ခဲ့ကြသည့် အစဉ်အလာကောင်းသည် မြန်မာနိုင်ငံတော်၏ ထူးခြားသောအခြေအနေတစ်ရပ်ဖြစ်ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်စိတ် ပြည်ချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတ စိတ်ဓာတ်တည်းဟူသော ရေသောက်မြစ်များဖြင့် ပြည်ထောင်စုစိတ်ဓာတ်သည် ရှင်သန်ဖွံ့ဖြိုးခဲ့ပေသည်"** ဟု မိန့်ကြားခဲ့ကြောင်း။

ထို့ကြောင့် နိုင်ငံတော်သစ်ကြီးကို ပုံဖော်တည်ဆောက်သည့်နေရာတွင် အခက်အခဲ အတားအဆီးများမှန်သမျှကို မိမိတို့တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်သည် ဆိုသည်ကို မိမိတို့အနေဖြင့် ယုံကြည်ထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းဒုတိယပိုင်းတွင် မွန်မြတ်သည့်ရည်ရွယ်ချက်များဖြင့် အမျိုးသားစည်းလုံးညီညွတ်မှုရအောင် ကြိုးပမ်းခဲ့မှုများကို ရှင်းလင်းစွာ ဖော်ပြထားကြောင်း၊ ခိုင်မာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးများကို ဆောင်ရွက်ခြင်းသည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်အတွက် လိုအပ်သည့်အခြေခံအုတ်မြစ်များ ဖြစ်သည်ဆိုသည်ကို မိမိတို့အားလုံးက ယုံကြည်ထားကြောင်း။

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုအခြေခံကောင်းများ ဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထိုက်အလျောက် တည်ဆောက်နိုင်သည်နှင့် ၁၉၉၂ခုနှစ်တွင် အမျိုးသားညီလာခံကျင်းပရေးအတွက် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် ပုံဖော်တည်ဆောက်သည့်နေရာတွင် မရှိမဖြစ်လိုအပ်သော အခြေခံမူများကို ဆွေးနွေးအဖြေရှာသည့် ညီလာခံဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်ကြီးကို ပုံဖော်တည်ဆောက်နိုင်ရန်အတွက် အမျိုးသားညီလာခံကြီး အောင်မြင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်မှုသာ ညီလာခံကရရှိသည့် အခြေခံမူများကို အသုံးပြုပြီး မူဝါဒလမ်းစဉ်ပါ အဆင့်များကို ဆင့်ကဲဆင့်ကဲဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနိုင်ရေးသည် နိုင်ငံတော်အတွက် အထူးအရေးကြီးသော အမျိုးသားရေးတာဝန်ကြီးဖြစ်ခြင်းကြောင့် မိမိတို့အနေဖြင့် လှိုက်လှဲစွာ ကြိုဆိုကြောင်းနှင့် ဆက်လက်ပြီးတော့လည်း နိုင်ငံတော်ဝန်ကြီးချုပ်၏ **"ဒီမှန်ကန်တဲ့ နိုင်ငံရေးဦးတည်ချက်ပန်းတိုင်ကို ချီတက်တဲ့လမ်းကြောင်းပေါ်ကနေ တစ်လက်မမျှယိမ်းယိုင်သွေဖည်မသွားရလေအောင် ဆောင်ရွက်သွားမှာဖြစ်တယ်"**ဆိုသည့် မိန့်ကြားချက်အတိုင်း မိမိတို့ကချင်ပြည်နယ်က မမိုတ်မသုန် ခံယူပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြမည်ဟု ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား ထောက်ခံတင်ပြအပ်ပါကြောင်း။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

အမျိုးသမီးအားကစားကဏ္ဍ တာထွက်နောက်ကျခဲ့သော်လည်း ထူးချွန်ထက်မြက်သည့်အားကစားမယ်များပေါ်ထွက်လာ ထိရောက်သည့်လုပ်နည်းစနစ်များဖော်ထုတ်ပြီး ပိုမိုတိုးတက်မြင့်မားသည်ထက်မြင့်မားစေရန် ဆက်လက်ကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ (IBC)၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ (အပေါ်ပုံ)

ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်းနှင့် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယကကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ဆွေးနွေးပွဲဆိုင်ရာ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အားပေးမြှင့်တင်လျက်ရှိ

ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသည် မြန်မာအမျိုးသမီးများ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအမျိုးသမီးများကို နိုင်ငံတကာ အမျိုးသမီးများနှင့် အဘက်ဘက်မှ ရင်ပေါင်တန်းနိုင်စေရေးတို့အတွက် ဘက်စုံကဏ္ဍစုံက အားပေးမြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ အစိုးရခေတ်ကာလတွင် မြန်မာအမျိုးသမီးများ၏ သမိုင်းအစဉ်အဆက် အမျိုးသားများနှင့် တန်းတူရရှိလာသည့် အခွင့်အရေးများ ပိုမိုပေါ်လွင်မြင့်မားလာအောင်၊ ထူးချွန်ထက်မြက်သည့် အမျိုးသမီးစွမ်းဆောင်ရှင်များပေါ်ထွန်းလာစေရန်၊ အမျိုးသမီးထုကြီး၏ ထက်မြက်သည့်စွမ်းရည်ကို နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်စွမ်းဆောင်နိုင်စေရန် အထူးအလေးထား အားပေးမြှင့်တင် ဆောင်ရွက်လျက်လည်းရှိကြောင်း။

မြန်မာအမျိုးသမီးများကဏ္ဍ ဘက်စုံကဏ္ဍ၌ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် အားကစား စသည့် ဖွံ့ဖြိုးမှုကဏ္ဍအလိုက် အလေးထား မြှင့်တင်ဆောင်ရွက်မှသာလျှင် ရည်မှန်းချက်အတိုင်း အောင်မြင်ဖြစ်ထွန်းမှာ ဖြစ်ကြောင်း။

ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းစွမ်းဆောင်ပေးနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူဖွဲ့စည်းဖြစ်တည်လာကြသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် စသည့် အမျိုးသမီးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များသည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆိုင်ရာဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ခွဲဝေပြီး ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း အားရကျေနပ်ဖွယ်တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်လျက်ရှိ

တစ်ဖက်က ကြည့်လျှင်လည်း ယနေ့အချိန်အခါတွင် နိုင်ငံတော် အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားအားကစား အဆင့်အတန်း မြင့်မား ထည်ဝါမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် ဂုဏ်ဒြပ်တစ်ခု ဖြစ်သည်ဟုခံယူပြီး အမျိုးသား အားကစား မြှင့်တင်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အထူးအလေးထား အားပေး ဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း။

ထိုကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့အနေဖြင့် မြန်မာအမျိုးသမီးများ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ကျန်းမာကြံ့ခိုင်ရေးနှင့် အမျိုးသမီးများ၏ ယှဉ်ပြိုင် အားကစား ကမ္ဘာ့အဆင့်မီ တက်လှမ်းနိုင်ရေး ဦးတည်ပြီး အမျိုးသမီး အားကစားကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အားပေးဆောင်ရွက်နေခြင်းသည် နိုင်ငံတော်အစိုးရ၏ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးတာဝန် တစ်ရပ်ကို ထိရောက် ထက်မြက်စွာ ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းလည်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

အမျိုးသမီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများကိုယ်တိုင်ဦးဆောင်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေကြသည့်အလျောက် ယခုဆိုလျှင် မြန်မာအမျိုးသမီးများ၏ ထက်မြက်သည့် အစဉ်အလာကောင်းများနှင့် အညီ ထူးချွန်ထက်မြက်သည့် အမျိုးသမီး အားကစားမယ်များ အားကစားနယ်ပယ်စုံမှာ ပေါ်ထွန်းလျက်ရှိနေပြီးဖြစ်သကဲ့သို့ အားကစားအဖွဲ့ချုပ်များနှင့်တကွ အားကစားဆိုင်ရာ စီမံခန့်ခွဲရေး၊ အားကစားဆိုင်ရာ ကျန်းမာရေးကဏ္ဍများ၌ပါ ရေရှည်အကျိုးသက်ရောက်မှုရှိလာအောင် တက်တက်ကြွကြွဖြင့် စွမ်းစွမ်းတမံ ပါဝင် စွမ်းဆောင်နေကြသည်ကိုလည်း အားရဂုဏ်ယူဖွယ် တွေ့မြင်နေရပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ မြန်မာအမျိုးသမီး အားကစားကဏ္ဍ၏ အချိန်တိုကာလအတွင်း အရှိန်အဟုန်နှင့် တိုးတက်အောင်မြင်မှုများသည် ဒေသတွင်း ပြိုင်ပွဲများသာမက ကမ္ဘာ့အဆင့် ပြိုင်ပွဲများအထိပါ ထိုးဖောက်အစွမ်းပြလာနိုင်ခဲ့သည့်အတွက် ထိုကဲ့သို့ အောင်မြင်ဖြစ်ထွန်းလာအောင် အားပေးစွမ်းဆောင်နိုင်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ကိုလည်း အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက ၂၀၀၂ ခုနှစ်တွင် အာရှတိုက်ကို ကိုယ်စားပြုသည့် အမျိုးသမီးနှင့် အားကစားဆု(International Olympic Committee, Women and Sports Trophy for Asia)ကို ချီးမြှင့်ပေးအပ်ခဲ့သည်ကို တွေ့ရကြောင်း။

မျက်ဝါးထင်ထင်တွေ့မြင်နေရ

အမျိုးသမီး အားကစားမယ်များ အပိုင်းတွင်လည်း အချိန်တိုကာလအတွင်း၌ ရေကူး၊ လှေလှော်၊ ဂူရှူး၊ အလေးမ၊ တိုက်ကွမ်ဒိုစသည့် အားကစားနည်းများတွင် အရှေ့တောင်အာရှနှင့် အာရှအဆင့်သာမက ကမ္ဘာ့အဆင့်အထိပါ တက်လှမ်းပြီး အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် ထူးချွန် ထက်မြက်သော အားကစားမယ်အကျော်အမော်များ ပေါ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

အလားတူပင် ပြေးခုန်ပစ်၊မြားပစ်၊ ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ရွက်လှေ၊ သေနတ်ပစ်၊ ဂျူဒိုစသည့် အားကစားနည်းများနှင့် မသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင်လည်း မြန်မာအမျိုးသမီးအားကစားမယ်များသည် အရှေ့တောင်အာရှနှင့် အာရှအဆင့်တွင် အောင်နိုင်မှု ဆုတံဆိပ်များ စဉ်ဆက်မပြတ် ရရှိဆွတ်ခူးနိုင်နေသည်ကို တွေ့ရကြောင်း။

နိုင်ငံ့ဂုဏ်ဆောင် မြန်မာအမျိုးသမီး အားကစားမယ်များ၏ စွမ်းဆောင်မှုများကို ကြည့်မည်ဆိုပါက (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရရှိခဲ့သည့် ရွှေတံဆိပ်၁၉ခုတွင် အမျိုးသမီးအားကစားမယ်များက ၁၃ခုရရှိအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ကြောင်း၊ငွေတံဆိပ် ၁၄ခုမှာလည်း အမျိုးသမီးများက ကိုးခု၊ ကြေးတံဆိပ် ၅၃ ခုတွင် အမျိုးသမီးများက ၁၉ ခု အသီးသီးရရှိအောင် စွမ်းဆောင်နိုင်သည်ကိုတွေ့ရကြောင်း။

ထို့အပြင် ပထမအကြိမ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှသည် (၂၁)ကြိမ်မြောက်ပြိုင်ပွဲအထိ မြန်မာနိုင်ငံကရရှိခဲ့သည့်ဆုတံဆိပ် ၃၇၇ ခုတွင် အမျိုးသမီးအားကစားမယ်များက ရယူဆွတ်ခူးပေးခဲ့သည့် ဆုတံဆိပ် ၁၃၃ ခု ပါဝင်သည်ကို တွေ့ရကြောင်း။

အမှန်တကယ်တွင် မြန်မာအမျိုးသမီးများသည် သမိုင်းစဉ်ဆက်၌ အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးနှင့် အခွင့်အလမ်းများ ရရှိခဲ့ကြသည့်အလျောက် ထူးချွန်ထက်မြက်မှုသာမက စွမ်းဆောင်ရည်၌ပါ အမျိုးသားများနှင့် အဘက်ဘက်တွင် ယှဉ်တွဲအစွမ်းပြနိုင်ခဲ့ကြသည်ချည်းဖြစ်ကြောင်း၊ ယခုလည်း အာရှတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီး ငယ် ယဉ်ယဉ်ခိုင်သည် ရွှေတံဆိပ် နှစ်ခု ဆွတ်ခူးခဲ့သည်ကို တွေ့ရသဖြင့် ချီးကျူးဖွယ်လည်း ကောင်းလှကြောင်း၊ မြန်မာနိုင်ငံ၏ ဂုဏ်ဆောင်သည် သာမကဘဲ အရှေ့တောင်အာရှ၏ ဂုဏ်ကိုပါ ဆောင်ပေးသကဲ့သို့ဖြစ်သည်ကို တွေ့ရကြောင်း။

အမျိုးသမီးအားကစားကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် နှိုင်းယှဉ်လျှင် တာထွက်နောက်ကျခဲ့သည်ဟု ဆိုနိုင်သော်လည်း သူ့ခေတ်သူ့အခါအလျောက် ထူးချွန်ထက်မြက်သည့် အားကစားမယ် အကျော်အမော်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

တစ်ချိန်သောကာလက အရှေ့တောင်အာရှနှင့် အာရှအဆင့်ပြိုင်ပွဲများ၏ အချို့သော ပြေးခုန်ပစ် အားကစားနည်းများတွင် မြန်မာအမျိုးသမီး အားကစားမယ်များသည် အချိန်ကာလ အတော်ကြာကြီးစိုး လွှမ်းမိုးထားနိုင်ခဲ့သည်ကိုလည်းမြန်မာ့အားကစားသမိုင်းတွင်တွေ့ရမှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ အစိုးရခေတ်ကာလတွင် မြန်မာအမျိုးသမီးအားကစားမယ်များ၏အစဉ်အလာကောင်းများကို ပြန်လည်ဖော်ထုတ်ပြီး စနစ်တကျအားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် မြန်မာအမျိုးသမီးအားကစားလောက အဆင့်အတန်းသည်လည်း သိသာထူးခြားစွာ တိုးတက်မြင့်မားလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာ အားကစားလောကကို ကြည့်မည်ဆိုပါက နည်းစနစ်ပိုင်းများ၊ လေ့ကျင့်ရေးနှင့် ယှဉ်ပြိုင်ရေးဆိုင်ရာ အားကစား ပစ္စည်းကိရိယာပိုင်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသကဲ့သို့ အားကစားဆိုင်ရာ စီမံခန့်ခွဲရေး၊ ဥပဒေရေးရာ၊ ဘဏ္ဍာရေး၊အားကစားဆိုင်ရာ ကျန်းမာရေးစသည့် ဝန်ဆောင်မှုကဏ္ဍများသာမက အားကစားနှင့် စီးပွားရေး ဆက်စပ်မှု၊ အားကစားနှင့် Media ဆက်စပ်မှု အခန်းကဏ္ဍများ၌ပါ အဆင့်အတန်းမြင့်မားစွာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ကြရမှာ ဖြစ်ကြောင်း။

ယခုကဲ့သို့အခြေအနေအချိန်အခါမျိုးတွင် အမျိုးသမီးအားကစားကဏ္ဍ မြှင့်တင်ရေးကို ခေတ်မီစနစ်ကျနစွာ ထိထိရောက်ရောက်စွမ်းဆောင်ပေးနိုင်စေရန်မှာ နိုင်ငံတကာနည်းတူ အားကစားဆိုင်ရာစီမံခန့်ခွဲရေး၊ ဥပဒေရေးရာ၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် Media အပိုင်းကဏ္ဍများအားလုံးတွင် အထူးအလေးထားပြီး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ထို့ကြောင့် ယနေ့စတင်ကျင်းပသည့် အမျိုးသမီးနှင့်အားကစားဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲကြီးမှသည် အားကစားဆိုင်ရာ ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးအတွက် ခိုင်မာသည့်မျှော်မှန်းချက်များ၊ တိကျသည့်လုပ်ငန်းစဉ်များ၊ ထိရောက်သည့် လုပ်နည်းစနစ်များကို ဖော်ထုတ်ပြီး မြန်မာအမျိုးသမီး အားကစားကဏ္ဍ ပိုမိုတိုးတက်မြင့်မားသည်ထက် မြင့်မားစေရန် ဆက်လက်ကြိုးပမ်း စွမ်းဆောင်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယခုအခါ ရရှိဖြစ်ထွန်းစပြုနေပြီဖြစ်သည့် အမျိုးသမီးအားကစားကဏ္ဍ တိုးတက်မြင့်မားမှုများမှ တစ်ဆင့် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် စနစ်တကျဆက်စပ်မိစေပြီး မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အခြေအနေနှင့် အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် ထိထိရောက်ရောက် အထောက်အကူပြုနိုင်စေရန်ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားကြပါဟုလည်း တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- အမျိုးသား အားကစားအဆင့်အတန်းတိုးတက်မြင့်မားမှုမှသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထည်ဝါမြင့်မားမှုကို ဖော်ဆောင်ပေးနိုင်စေရန် အမျိုးသမီး အားကစားကဏ္ဍမှ ထိထိရောက်ရောက် အထောက်အကူပြုနိုင်ကြပါစေ၊
- မြန်မာအမျိုးသမီးများ၏ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ထူးချွန်ထက်မြက်သည့် အမျိုးသမီး အားကစားမယ်အကျော်အမော်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ဆက်လက်အားပေးမြှင့်တင်နိုင်ကြပါစေ၊
- မြန်မာ အမျိုးသမီးများကဏ္ဍ တိုးတက် မြင့်မားသည်ထက် တိုးတက်မြင့်မားစေရန် မြန်မာအမျိုးသမီးများ ကိုယ်တိုင် တက်ညီလက်ညီ ကြိုးပမ်း ဖော်ဆောင် မြှင့်တင်ပေးနိုင်ကြပါစေ

ဟု ဆန္ဒပြုရင်း နိဂုံးချုပ်ပါကြောင်း အကျယ်တဝင့် ပြောကြားသွားသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက်ရောက်လာကြသော ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများကဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့်အလှူငွေများပေးအပ်ပွဲတက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၃၁ တိုက်နှင့် သီလရှင်စာသင်တိုက် ကိုးတိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူအများ၏ ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် စွယ်တော်မြတ်စေတီလမ်းရှိ နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မရမ်းကုန်းမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ကန်ဦးဇေတဝန် စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသာမိဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေးနှင့် ပဲများကို မိသားစုများကိုယ်စား ကာကွယ်ရေး ဝန်ကြီးဌာန၊ စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ် လှအောင်သိန်း၊ စစ်ဦးစီး ဗိုလ်မှူးကြီး (ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး (လေ) ဗိုလ်မှူးကြီး ဇင်ယော် တို့က ဆရာတော် သံဃာတော်များနှင့် သီလရှင် ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေးနှင့် ပဲများကို ဒုတိယတိုင်းမှူးက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေးနှင့်ပဲများကို တာဝန်ရှိသူများနှင့် စေတနာရှင် ပြည်သူများက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများ အဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် လေးသိန်း၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၁၆၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် နှင့် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်း၊ ဘုရင့်နောင်ပွဲရုံ နယ်မြေသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ငွေကျပ် ငါးသိန်း၊ ဘုရင့်နောင်ဈေးသာယာရေး ကော်မတီက ငွေကျပ်သုံးသိန်း၊ Asia Express Co.,Ltd.က ငွေကျပ် သုံးသိန်း၊ PEONY ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် သုံးသိန်း၊ ဘီတီဘီကုမ္ပဏီက ငွေကျပ် နှစ်သိန်း၊ သမ္မတသက်န်းတိုက်က ငွေကျပ် နှစ်သိန်း၊ သမားတော် ဦးဘိုကြီးမိသားစုက ငွေကျပ် နှစ်သိန်း၊ သီဟသုခမ္မသီဂီဒေါ်တင်မြိုင်မိသားစုက ငွေကျပ် ၁၈၀၀၀၀၊ ဘုရင့်နောင်ပွဲရုံ နယ်မြေမှ ဆန်၊ ဆီ၊ငရုတ်နှင့် ကြာဆံလုပ်ငန်းရှင်များက ငွေကျပ် ၁၄၂၀၀၀၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ငွေ ၁၄၀၇၆၅ ကျပ်၊ Gunkul Engineering Co., Ltd.က ငွေကျပ် ၁၃၇၄၀၀၊ ဦးအောင်မွန်၊ ဒေါ်လှလှမွန်မိသားစုက ငွေကျပ် နှစ်သိန်း၊ စန္ဒိပရဆေးမိသားစုက ငွေကျပ် ၁၀၀၀၉၀၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများက ငွေကျပ် ၁၀၄၀၀၀၊ မရမ်းကုန်းမြို့နယ်မှ ဦးနေဝင်းမိသားစုကငွေကျပ်တစ်သိန်း၊ ရတနာဝင်း ခတ်မြေသြဇာပွဲရုံက ငွေကျပ်တစ်သိန်း၊ အောင်ရတနာဝင်းပွဲရုံက ငွေကျပ်တစ်သိန်း၊ ရွှေဘုရင်တိုင်းရင်းဆေးတိုက်က ငွေကျပ် တစ်သိန်း၊ ထူးဆောက်လုပ်ရေးအဖွဲ့က ငွေကျပ်တစ်သိန်း၊ မရမ်းကုန်းမြို့နယ် ရပ်ကွက် စေတနာရှင် ပြည်သူများက ငွေကျပ် ၈၅၀၀၀၀၊ ဝင်းရတနာခရီးသွားလုပ်ငန်းက ငွေကျပ်တစ်သိန်း၊ စန်းမြန်မာကုမ္ပဏီက ငွေကျပ် ကိုးသောင်း၊ လမ်းမတော်မြို့နယ် ဒေါ်လှလှက ငွေကျပ် ၁၁၀၀၀၀၊ ထက်လင်းဆေးတိုက်က ငွေကျပ် တစ်သိန်း၊ မြန်မာ့ငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ် ငါးသောင်း၊ မြန်မာနိုင်ငံဆီ၊ ဆန် လုပ်ငန်းရှင်များက ငွေကျပ် တစ်သိန်း၊ ကေအင်န်ကုမ္ပဏီက ငွေကျပ်တစ်သိန်း၊ တော်ဝင်ဆောက်လုပ်ရေးအဖွဲ့က ငွေကျပ် ငါးသောင်း၊ ယင်းမာတေးသံသွင်းက ငွေကျပ် ငါးသောင်း၊ ဦးဝင်းဆွေ၊ ဒေါ်မင်းသွယ်နု မိသားစုက ငွေကျပ် တစ်သိန်း၊ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ငွေကျပ် လေးသောင်း၊ လူပုံတော်ပတ္တမြား (ဦးအောင်မြင့်)က ငွေကျပ် လေးသောင်း ငါးထောင်၊ ဂန္ဓမာရုံလုပ်ငန်းသုံး ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက ငွေကျပ် သုံးသောင်း၊ မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် သုံးသောင်း၊ မရမ်းကုန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက ငွေကျပ် နှစ်သောင်း၊ လူပုံတော်ပတ္တမြား (ဦးသိန်းဌေး)က ငွေကျပ် နှစ်သောင်း၊ ဒေါ်မြမိုး(ခ)ဒေါ်သန်းမြက ငွေကျပ် နှစ်သောင်း၊ ဒေါက်တာဖေဉာဏ်က ငွေကျပ် နှစ်သောင်း၊ မုံရွာမြို့နယ် ဒေါ်သန်းစိန်မိသားစုက ငွေကျပ် နှစ်သောင်း၊ မုံရွာမြို့ ဦးစိန်မောင်မိသားစုက ငွေကျပ် နှစ်သောင်း၊ ဦးသိန်းထွန်း–ဒေါ်သိန်းသိန်းဥမိသားစုက ငွေကျပ် နှစ်သောင်း၊ ဦးအောင်ကျော်–ဒေါ်သန်းသန်းဝင်းမိသားစု ငွေကျပ် နှစ်သောင်း၊ ဝင်းရေတိုင်ကီလုပ်ငန်းက ငွေကျပ် နှစ်သောင်း၊ ဦးတင်ဦး–ဒေါ်စန်းမြင့် မိသားစုက ငွေကျပ် နှစ်သောင်း၊ ဦးမြင့်ကြည်–ဒေါ်မာမာဦး မိသားစုက ငွေကျပ် နှစ်သောင်း၊ ဦးထွန်းရှိန်၊ ဒေါ်တင်စိန်၊ ဦးငွေထွန်း၊ ဒေါ်မြမြဦးမိသားစုက ငွေကျပ် နှစ်သောင်း၊ ဦးတိုး–ဒေါ်ကြီးမြင့် မိသားစုက ငွေကျပ် နှစ်သောင်း၊ ဦးသိန်းဝင်း–ဒေါ်နှင်းရီ မိသားစုက ငွေကျပ် နှစ်သောင်း၊ ကျော်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစုက ငွေကျပ် နှစ်သိန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ငြိမ်းချမ်းရေးယာဉ်လိုင်းများကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ငွေကျပ် တစ်သိန်း၊ S˚S I နိုင်ငံခြားဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီက ငွေကျပ် တစ်သိန်း၊ Silver Shineကုမ္ပဏီလီမိတက်က ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း၊ ဒေါ်ချိုချိုက ငွေကျပ် ငါးသောင်း၊ ဦးသန်းမောင်–ဒေါ်ငွေကြည် မိသားစုက ငွေကျပ် ၃၆၀၀၀၊ မရမ်းကုန်းမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့က ငွေကျပ် တစ်သောင်း၊ ဒေါ်နု မိသားစုက ငွေကျပ် သုံးသောင်း၊ ကံသာဆေးတိုက်က ငွေကျပ် ၁၅၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တပ်မတော်(ကြည်း၊ရေ၊ လေ)အရာရှိကြီးများက စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များကိုယ်စား လက်ခံကြသည်။

ယနေ့ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိဘုန်းတော်ကြီးစာသင်တိုက် ၃၁ တိုက်နှင့် သီလရှင်စာသင်တိုက် ကိုးတိုက်သို့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၁၆၀၇ အိတ်၊ ဆီ ၇၅၆ ပိဿာ၊ အိုင်အိုဒင်းဆားပိဿာ ၁၂၃၃၀၊ သွားတိုက်ဆားဘူး ၁၂၃၃ ဘူး၊ ပဲ ၁၂၃၃ ပိဿာနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ်ပေါင်း ၇၃၉၆၅၅၅ ဖြစ်သည်။

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်ရှိ မွတ်စလင် သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ ဆီ၊ ဆား၊ဆေး၊ ပဲနှင့် ငွေပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီ မိနစ် ၂၀ တွင် သင်္ဃန်းကျွန်းမြို့နယ် ဘောက်ထော် ပြည်သာယာလမ်းရှိ အဆိုပါ မွတ်စလင် သက်ကြီးဂေဟာခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို လက်ခံသည်။

ရှေးဦးစွာ မွတ်စလင် သက်ကြီးဂေဟာမှ ဂေဟာမှူး(၂) အလ်ဟာဂျ် မော်လင်ဟာဖစ်ဇ်ဟုစိန် (ခ) ဦးကျော်ဝင်းက ကျမ်းမြတ်ကုရ်အာန်ရွတ်ဖတ်သရဇ္ဈာယ်၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆန်၊ဆီ၊ဆား၊ပဲနှင့် ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများကို ကာကွယ်ရေး ဝန်ကြီးဌာန ဗိုလ်ချုပ် အောင်သိန်း၊ စစ်ဦးစီး ဗိုလ်မှူးကြီး (ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီးဇင်ယော်တို့က ပေးအပ်လှူဒါန်းရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများမှ လှူဒါန်းသော ဆန်အိတ်များ၊ ဆီများကိုလည်းကောင်း၊ ဦးSA ဂျင်ဝါးလားက ငွေကျပ် လေးသိန်း၊ ပိန္နဲကုန်းဂျာမေဗလီက ငွေကျပ်သုံးသိန်း၊ ဟာဂျီ ဦးမောင်မောင်နီ(နွယ်နီဆေးရောင်းဝယ်ရေး)က ငွေကျပ်သုံးသိန်း၊ Asia Winner Industrial Ltd. က ငွေကျပ် နှစ်သိန်း၊ ဟာဂျီဦးမြင့်နိုင်က ငွေကျပ်နှစ်သိန်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လက်ခံသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆန်၊ဆီ၊ဆား၊ ဆေးနှင့်ပဲများကို တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက မွတ်စလင်သက်ကြီးဂေဟာ ဂေဟာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အဘွားသုခရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင်များထံသို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ငွေပဒေသာပင်စိုက်ထုရန် အလှူငွေများကို လှူဒါန်းကြရာ ဦးမောင်လှ မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ K.Yကျော်ကျော်ထရေဒင်းကုမ္ပဏီကငွေကျပ်၁၅၀၀၀၀၊ သန်းစာရေးကိရိယာမိသားစုကငွေကျပ် ၁၅၀၀၀၀၊ ဟာဂျီဦးခင်မောင်သန်းမိသားစုကငွေကျပ်၁၃၇၅၀၀၊ မော်လဝီဟာဂျီဦးဘကျော်၊ ဟာဂျီဦးလှအောင်၊ ဟာဂျီဦးခင်ရွှေတို့ကငွေကျပ် တစ်သိန်းစီ၊ ဦးဇော်ဝင်းမိသားစုကငွေကျပ် ၁၀၆၀၀၀၊ ဟာဂျီဦးမူဆာမဒါးမိသားစုကငွေကျပ်တစ်သိန်း၊ ဦးစိုးမြင့်မိသားစုကငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ် ၈၂၅၀၀၊ ဆန်းမြန်မာကုမ္ပဏီက ငွေကျပ်၅၄၀၀၀၊ ဟာဂျီမဒေါ်ရန် မိသားစုကငွေကျပ်၅၀၀၀၀၊ ကိုမောင်လှမိသားစုကငွေကျပ်၅၀၀၀၀၊ ဒေါ်လှလှမိသားစု(တောင်ဥက္ကလာပ)ကငွေကျပ် ၅၀၀၀၀၊ ဦးတင်မြမိသားစုကငွေကျပ် ၅၀၀၀၀၊ မော်လဝီဟာဂျီစလေမန်က ငွေကျပ် ၅၀၀၀၀၊ ကျားပုံရေခဲစက် ဟာဂျီ ဦးကျော်ဝင်းက ငွေကျပ် ၅၀၀၀၀၊ ဟာဂျီဦးစိုးမြင့်က ငွေကျပ် ၅၀၀၀၀၊ ဟာဂျီဦးခင်မောင်သန်းက ငွေကျပ် ၃၀၀၀၀၊ S.I.W International Co., Ltd. က ငွေကျပ် ၃၀၀၀၀၊ ဒဂုံ–မြန်မာမိသားစုက ငွေကျပ် ၁၀၉၀၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် တစ်သောင်း၊ ဒေါ်မြသိန်းမိသားစုက ငွေကျပ် တစ်သောင်း၊ ရန်မျိုးအောင် စေတီတော် ဂေါပကအဖွဲ့က ငွေကျပ် တစ်သောင်း၊ ကျိုက်ဒေးယျုံ(အာနန္ဒာ) စေတီတော် ဂေါပကအဖွဲ့က ငွေကျပ် တစ်သောင်း၊ ဗိုလ်မှူးတင်သိန်း(ငြိမ်း) က ငွေကျပ် တစ်သောင်း၊ မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီမှ ဒေါ်ကြင်လှိုင်က ငွေကျပ် တစ်သောင်း၊ ဒေါ်ဘီဘီ မိသားစု၊ ဦးထွန်းချိုမိသားစု၊ ဦးမြင့်လွင် မိသားစုတို့က ငွေကျပ် ၂၅၀၀၀၊ မြင့်မြတ်စပါးစိုက်ပျိုးရေးက ငွေကျပ် ၅၀၀၀၀၊ ဟာဂျီဦးဘချစ်က ငွေကျပ် ၅၀၀၀၀၊ ရွှေနားပန်စေတီတော် ဂေါပကအဖွဲ့က ငွေကျပ် ၅၀၀၀ တို့ကို တာဝန်ရှိသူများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မွတ်စလင်သက်ကြီးဂေဟာ ဂေဟာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အဘွားသုခရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင်များက လက်ခံကြသည်။

ယနေ့ ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ မွတ်စလင်သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာတို့သို့ လှူဒါန်းမှုအစုစုမှာ ဆန်၄၁အိတ်၊ ဆီ၄၅ပိဿာ၊ ပဲ၄၅ ပိဿာ၊ ဆား၃၃၇ပိဿာ၊ သွားတိုက်ဆားဘူး၁၇ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး၇၅၀နှင့် ငွေပဒေသာပင် ငွေကျပ်ပေါင်း၃၈၇၇၉၉၀ဖြစ်သည်။

(သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

အနာဂတ်မြန်မာနိုင်ငံတော် တည်ဆောက်ရေးအတွက် ဆောင်ရွက်ရမည့် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ် ခုနစ်ရပ်သည် အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ထူထောင်ရေးကို ဦးတည်နေခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင် ဖော်ပြသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများသည် အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်တိုးတက်နေမှသာ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများကို အာမခံပေးမည့် ခိုင်မာသည့်အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းရေးသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ကြီးဖြစ်ကြောင်း၊ မိမိတို့ ကချင်ပြည်နယ်သည် သမိုင်းကြောင်း၏ အကောင်းအဆိုးများစွာကို လက်တွေ့ရင်ဆိုင်ခဲ့ရပြီဖြစ်ကြောင်း၊ ယနေ့တပ်မတော်အစိုးရ၏ စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးပြီးခဲ့သည်များ၊ ဆောင်ရွက်ပေးနေဆဲရှိသည်များကိုလည်း မိမိတို့ ခံစားနေရပြီဖြစ်ကြောင်း၊ ယင်းအတွက် နိုင်ငံတော်၏ စစ်မှန်သည့်စေတနာအပြည့်ဖြင့် လုပ်ဆောင်မှုများအပေါ် ကျေးဇူးတင်ရှိရုံသာမက ဆတက်ထမ်းပိုး အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အဆိုရှင်ဒေါ်ယုယုကြည် တင်သွင်းအဆိုပြုသွားသည့် "နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး"ဆိုသည့် အဆိုသည် မိမိတို့၏အရေး၊မိမိတို့၏ဆန္ဒ၊မိမိတို့၏မျှော်မှန်းချက်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ကချင်ပြည်နယ်သူ ပြည်နယ်သားများအားလုံးက အလေးအနက် ထောက်ခံလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် သဘာပတိက ယနေ့ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့၌ ကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်းကိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် "နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး"အဆိုနှင့်စပ်လျဉ်း၍ လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသောပြည်သူလူထုကြီးထံမှ အတည်ပြုချက်ရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူညီကြသည့်အတွက် အဆိုရှင် ဒေါ်ယုယုကြည်၏အဆိုကို အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ယနေ့ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့၌ကျင်းပသော လူထုအစည်းအဝေးက"နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရန်"ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက **"နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ဖော်ဆောင်ရေး" (အောင်ရမည်၊ အောင်ရမည်)၊"အမျိုးသားညီလာခံကျင်းပရေး"(အောင်ရမည်၊ အောင်ရမည်)၊ "ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး"(အောင်ရမည်၊ အောင်ရမည်)** ဟူသော ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြကာ လူထုအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော အောင်ဆန်းလမ်းနှင့် ရွှေဖီဦးလမ်းထောင့် ကွန်ကရစ်တံတား ပြုပြင်ခြင်း လုပ်ငန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြီးမြင့် စက်တင်ဘာ ၁၂ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (က–ပ)

ဥယျာဉ်ခြံသီးနှံများ အရည်အသွေးကောင်းမွန်ရေး အလုပ်ရုံဆွေးနွေး

ပြည် စက်တင်ဘာ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း)တွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသောဥယျာဉ်ခြံသီးနှံများ အရည်အသွေး ကောင်းမွန်ရေးနှင့်ပတ်သက်၍ မြေဇရိယာ တိုးချဲ့စိုက်ပျိုးရေးနှင့်အရည်အသွေးကောင်းမွန်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ရက်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဓါးအုပ်ကုန်း ချိုင့်ပဒေသာဥယျာဉ်ခြံတွင် ကျင်းပသည်။ ဆွေးနွေးပွဲတွင် ပန်းတောင်းမြို့နယ် ညောင်ဂျိုးဒေသ၌ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ကုန်းမြင့်ကော်ဖီနှင့် လက်ဖက်၊ ဒေသအသီးသီး၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော သရက်၊ သြဇာ၊ ငှက်ပျော တို့နှင့်ပတ်သက်၍ နည်းပညာဆိုင်ရာအပင်ပိုင်းမျိုးပွားခြင်းနှင့်ဥယျာဉ်ခြံသီးနှံအလိုက် မြေဆီလွှာပိုင်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဓိကအားဖြင့် ဒေသတွင်း စမ်းသပ်စိုက်ပျိုးလျက်ရှိသော စပျစ်နှင့် နဂါးမောက် သီးပင်များကို တစ်တိုင်လုံးအောင်မြင်ဖြစ်ထွန်းရေး ဆွေးနွေးဆုံးဖြတ်ကြပြီး စိုက်ပျိုးနည်းပညာများကို တောင်သူပညာပေးစခန်းများမှ ပညာပေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ရွှေဘိုမြို့နယ် တယ်ပင်ကျေးရွာ၌ နယ်လှည့်စာကြည့်တိုက်ဖွင့်

ရွှေဘို စက်တင်ဘာ ၁၉

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို စက်တင်ဘာ ၁၈ရက်က ရွှေဘိုမြို့နယ် တယ်ပင် ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်လှည့်စာကြည့်တိုက်ကို တယ်ပင်ကျေးရွာ ဥက္ကဋ္ဌ ဦးထွန်းမြင့်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ခရိုင်ဦးစီးအရာရှိ ဦးအုန်းသန်းက နိုင်ငံတော်၏ မူဝါဒများကို ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသူများက ပြသထားသော နံရံကပ်စာစောင်နှင့်ဓာတ်ပုံများကိုလေ့လာ ကြည့်ရှုကြသည်။

အလားတူ ဟောပြောပွဲများကို ထူးကြီးကျေးရွာ၌ ကျင်းပခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

တောင်ကြို့ကုန်းလမ်း ဂဝံခင်းမှု ကွင်းဆင်းဆောင်ရွက်

လက်ပံတန်း စက်တင်ဘာ ၂၇

လက်ပံတန်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ ၂၀၀၃–၂၀၀၄ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သော တောင်ကြို့ကုန်းလမ်းအရှည်ပေ၁၃၆၀၊ အကျယ် ပေ ၁၀ ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းခင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က ကွင်းဆင်း၍ အနီးကပ် ကြီးကြပ် ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု အသိပေးဆွေးနွေး

လှိုင်းဘွဲ့ စက်တင်ဘာ ၂၅

လှိုင်းဘွဲ့မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပေး ဆွေးနွေးပွဲကို ဩဂုတ် ၂၉ရက် နံနက် က လှိုင်းဘွဲ့မြို့ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအတွက် ဆောင်ရွက် သည့် အစီအစဉ်များကိုရှင်းလင်း တင်ပြသည်။ ဆက်လက်၍အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင် ကျန်းမာမည် ဟူသော ဆောင်ပုဒ် ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ဆုရရှိသော ကျောင်းသူ ခုနစ်ဦးအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့်အဖွဲ့ စက်တင်ဘာ၁၉ရက်က သထုံနှင့် ပေါင်မြို့နယ်ဆက်သွယ်သည့်ကုလားမတောင် အရှေ့ခြမ်းလမ်းကျောက်ချောခင်းရန် ဆောင်ရွက်မှုကို ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်/ပြန်ဆက်)

စာတည်းထံပေးစာများ

လမ်းပိတ်ဆို့ပျံကျဈေးသည်များ ရှင်းလင်းပေးစေလို

စာတည်းမှူးရှင့်–

လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်းမကြီးဘေး၌ စနစ်တကျ ဈေးရောင်းချရန် မြို့နယ်စည်ပင်သာယာက ထွန်းသီရိ ဈေးကြီးတွင် နေရာချထားပေးခဲ့ပါသည်။ သို့သော်လည်း ယခုအခါ ပျံကျဈေးသည်များသည် ဗိုလ်အောင်ကျော်လမ်းမကြီးပေါ်တွင် နေ့စဉ်ပိတ်ဆို့ ရောင်းချလျက်ရှိသဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွား ပြည်သူများ နေ့စဉ်နှင့်အမျှ အနှောင့်အယှက် ဖြစ်နေရပါသည်။ သို့ပါ၍ ဗိုလ်အောင်ကျော်လမ်းမကြီးကို ပိတ်ဆို့ရောင်းချနေသော ပျံကျဈေးသည်များအား ရှင်းလင်းပေးပါရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြအပ်ပါသည်။

ဒေါ်ဒေါ်လှိုင်သာယာ။

ဝက်အညစ်အကြေးနှင့် အော်သံ အနီးနေသူတို့အနှောင့်အယှက်ဖြစ်

စာတည်းမှူးခင်ဗျား–

မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက်၊ အင်ကြင်းလမ်းရှိ နေအိမ်တစ်အိမ်တွင် စီးပွားဖြစ် ဝက်များ မွေးမြူထားသဖြင့် ဝက်များ၏ အညစ်အကြေးများနှင့် ဆူညံသံကြောင့် အနီးနေသူတို့အတွက် အနှောင့်အယှက်ဖြစ်ပြီးဝက်ချေးနံ့များကြောင့် လေကောင်းလေသန့် မရရှိဘဲ သက်ကြီးရွယ်အိုများနှင့် ကလေးများ ကျန်းမာရေးထိခိုက်နေကြပါသည်။ သို့ပါ၍ အဆိုပါ စည်းကမ်းမဲ့ ဝက်မွေးမြူခြင်းကို လူနေရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန်စာတည်းမှူးမှတစ်ဆင့် တင်ပြအပ်ပါသည်။

အင်ကြင်းသား။

အချိန်မတော်မူးယစ်အော်ဟစ်မှု အရေးယူပေးပါ

စာတည်းမှူးခင်ဗျား–

ကျောက်ဖြူမြို့ အစိုးရရပ်ကွက်နှင့် သန်ပန်ချောင်းရပ်ကွက် နှစ်ခုကြားရှိ ဖြတ်လမ်းအတွင်းမှ လူနေအိမ်အချို့တွင် နေ့စဉ် ဖဲဝိုင်းနှင့် ကြွေဝိုင်းကစားလျက်ရှိပါသည်။ ကစားဝိုင်းမှ အပြန် အချိန်မတော်မူးယစ်အော်ဟစ်ဆဲဆိုခြင်းတို့ကြောင့် နားမခံသာဖြစ်ရပါသဖြင့် ကစားဝိုင်းများကို အရေးယူတားမြစ်ပေးပါရန်စာတည်းမှူးမှတစ်ဆင့်တင်ပြအပ်ပါသည်။

မောင်စေတနာ။

သာယာရွှေပြည်လမ်းမှတွင်ခုံလုပ်ငန်းရှင်းလင်းပြီး

စာတည်းမှူးခင်ဗျား–

၂၇–၈–၂၀၀၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက်၊ သာယာရွှေပြည်လမ်းမှ တွင်ခုံလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အမှိုက်ကားမှန်မှန်လာစေချင်

စာတည်းမှူးခင်ဗျား–

ကျွန်တော်များ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် လင်းရောင်ခြည်လမ်းသို့ အမှိုက်ကားမလာသည်မှာ ဇွန်၊ဇူလိုင်၊ ဩဂုတ်သုံးလ ကြာပြီဖြစ်ပါသည်။ ဩဂုတ်လတွင် ၄ ရက်သာ လာပါသည်။ ကျန်သောရက်များမလာပါ။ သို့ပါ၍ အမှိုက်ကား မှန်မှန်လာရန် စာတည်းမှူးမှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ။

အသံချဲ့စက်ဆူညံစွာ အပြိုင်ဖွင့်နေကြ၍

စာတည်းမှူးခင်ဗျား–

ယုဇနဥယျာဉ်မြို့တော် ကံ့ကော် ၁လမ်းနှင့် ၂ လမ်းဆုံရှိ လက်ဖက်ရည်ဆိုင်များသည် အသံချဲ့စက်များကို တစ်နေ့လုံးတစ်ညလုံး ဆူညံစွာ အပြိုင်ဖွင့်နေကြပါသည်။အနီးနေသူများအား ငဲ့ညှာသောအားဖြင့် အသံချဲ့စက်များကို စည်းကမ်းနှင့်အညီ ဖွင့်စေရေး ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ။

ဆင်ဆာမဲ့ဗီဒီယို တားဆီးပေးပါ

စာတည်းမှူးခင်ဗျား–

ပျော်ဘွယ်မြို့ ပေါ်ရှိ ဗီဒီယိုရုံများတွင် ဆင်ဆာမဲ့ဗီဒီယိုခွေများနှင့် ညစ်ညမ်းခွေများ တရားမဝင် ပြသ စီးပွားရှာနေကြပါသည်။ လူငယ်လူရွယ်လေးများ စာရိတ္တပျက်ပြားမည်ကိုစိုးရိမ်ကြရပါသည်။ ယခုအခါ ကျေးရွာအချို့ထိ ကူးစက်ပြသနေကြပါသည်။

သို့ပါ၍ အချိန်မီ တားဆီးပေးပါရန်စာတည်းမှူးမှတစ်ဆင့်တင်ပြအပ်ပါသည်။

မောင်မြန်မာ။

ဆီကြိတ်စက်ရုံညှော်နံ့ ကျန်းမာရေးထိခိုက်

စာတည်းမှူးခင်ဗျား–

ဧရာဝတီတိုင်း ပုသိမ်မြို့နယ်၊ ကမ်းခြံရပ်ကမ်းနားလမ်းရှိ အုန်းသားနှင့် မြေပဲဆီကြိတ်စက်ရုံ တစ်ရုံသည် အုန်းသားနှင့်မြေပဲများကို နေ့ရောညပါ ကြိတ်ခွဲလျက်ရှိရာ စက်၏ဆူညံသံနှင့် စက်ရုံမှထွက်ရှိသောညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေသက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် နာမကျန်းသူများမှာ ညှော်နံ့ကို နေ့စဉ်ခံစားနေရ၍ ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။

သို့ပါ၍ ၎င်းစက်ရုံကို ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြအပ်ပါသည်။

ညှော်နံ့ကြောက်သူ။

ဆူညံမှုကြောင့် အနှောင့်အယှက်ဖြစ်ရ

စာတည်းမှူးခင်ဗျား–

အမရပူရမြို့နယ် ဘုံးအိုးကျေးရွာ ယက္ကန်းတော်ရပ်ကွက်အတွင်းရှိ ဗီဒီယိုရုပ်ရှင်ရုံသည် ရုပ်ရှင်နှင့်ဘောလုံးပွဲများ ၂၄နာရီ ပြသပါသည်။ပွဲကြည့်ပရိသတ် အော်ဟစ် အားပေးဆူညံမှု၊အင်ဂျင်စက်သံ ဆူညံမှုတို့ကြောင့် ညစဉ်ရပ်ကွက်နေသူတို့အတွက် အနှောင့်အယှက်ဖြစ်ရပါသည်။

သို့ပါ၍ ၎င်းဗီဒီယို ရုပ်ရှင်ရုံ၏ လုပ်ရပ်ကို လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှ တစ်ဆင့် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး။

ညှော်နံ့နှင့် စွန့်ပစ်ပစ္စည်းအနံ့များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းမှူးခင်ဗျား–

စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့သစ်ရပ်ကွက် စိန်ပန်းနီ၊ လမ်းသွယ်(၈)ရှိ အကြော်လုပ်ငန်းရှင်တစ်ဦးသည် အာလူးကြော်၊ ငါးခြောက်ကြော်၊ငရုတ်သီးကြော်၊ ပဲကြီးကြော်လုပ်ငန်းကို နေ့စဉ် နံနက်ခင်းမှ အစပြု၍ တစ်နေကုန်ကြော်လှော်လျက်ရှိရာ အညှော်နံ့များနှင့် စွန့်ပစ်ပစ္စည်းများ၏အပုပ်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်စေပါသည်။ လုပ်ငန်းအသုံးပြုရန် ထင်းများကို စုပုံသိုလှောင်ထားသဖြင့် မီးဘေးအန္တရာယ်လည်းစိုးရိမ်နေရပါသည်။

သို့ပါ၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြအပ်ပါသည်။ **စိန်ပန်းနီ။**

မြန်မာ့အသံ

၂၉–၉–၂၀၀၃(တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၀:၀၀ ကောဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာရန် ဓမ္မပူဇာတေး

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ–၈)

၁၁:၄၀ သိပ္ပံပညာသတင်းပဒေသာ

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)

၁၂:၁၅ အားကစားသတင်းပဒေသာ

၁၂:၃၅ ကောဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာရန် မဟာဂီတသီချင်းကြီးများ

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (မြန်မာစာ–မူလတန်း ကဗျာသင်ကြားခြင်း)

ညနေပိုင်း

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)

၁၇:၄၀ ကဏ္ဍာစုံစွာ ဆွေးနွေးစရာ (မန်းရာပြည့်ဂီတာဦးတင်နဲ့ ဆွေးနွေးခန်း)

၁၈:၄၅ နေ့စဉ်သုံး အင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)

၁၉:၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် အစည်းအဝေးမှ ပြန်ရောက်

ရန်ကုန် စက်တင်ဘာ ၂၇

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၅၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ၂၀ရက်မှ ၂၄ ရက်အထိ အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့ရှိ Dubai International Convention Centre အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏အဖွဲ့ဝင်(၁၈၄)နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဂါဗာနာများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

နှစ်ပတ်လည်အစည်းအဝေးဆွေးနွေးပွဲကိုဒူဘိုင်းမြို့ Dubai International Convention Centre အစည်းအဝေး ခန်းမကြီး၌ကျင်းပရာ စက်တင်ဘာ ၂၃ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းက မိန့်ခွန်း ပြောကြားသည်။

ယင်းသို့ပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးစွမ်းဆောင်ချက်များသည် လတ်တလောနှစ်များအတွင်း များစွာကောင်းမွန်ခဲ့ကြောင်း၊ လွန်ခဲ့သည့် ၁၅နှစ်အတွင်း မိမိ၏ ကိုယ်ပိုင်အရင်းအမြစ်များအပေါ် အားကိုးပြီး သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိနိုင်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေး အဖွဲ့အစည်းများမှ အဖွဲ့ဝင်နိုင်ငံအချို့၏ နိုင်ငံရေးအပေါ်မူတည်သည့် လုပ်ဆောင်ချက်များကြောင့် မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ၁၅ နှစ်အတွင်း လူမှုစီးပွားရေးတိုးတက်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များ မရရှိခဲ့ခြင်းသည် ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ နိုင်ငံ၏ တိုးတက်မှုအရှိန် ခိုင်မာစွာရရှိရေးအတွက် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ငွေကြေးထောက်ပံ့မှုများ ရပ်ဆိုင်းထားခြင်းအပြင် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကိုလည်း မကြာသေးမီက ပြုလုပ်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဆင်းရဲမွဲတေမှု လျှော့ချရေးကို ဦးစားပေးလုပ်ကိုင်နေသည့် အချိန်တွင် ပိတ်ဆို့မှုများပြုလုပ်ခြင်းသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များကို တိုက်ရိုက်ဖီလာဆန့်ကျင်လျက်ရှိပြီး အခြေခံလူတန်းစားများ၏ လူနေမှုဘဝကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ ဤအဖွဲ့အစည်းများတွင် တရားဝင်ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဤကဲ့သို့ မျှတမှုမရှိ ကျိုးကြောင်းဆီလျော်မှုမရှိသည့် အရေးယူပိတ်ဆို့မှုများနှင့် မြန်မာနိုင်ငံ၏ ပိုင်ဆိုင်ခွင့်များအပေါ် တားမြစ်ပိတ်ပင်ထားမှုကိုကန့်ကွက်ပါကြောင်း၊ ယခုအခါတွင် ဤအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် နိုင်ငံရေးအယူအဆများအပေါ် တည်မှီနေခြင်းကြောင့် လက်မခံနိုင်ဖွယ်ရာဖြစ်နေပြီး၊ ဤအဖွဲ့အစည်းများ၏ သဘောတူစာချုပ်များပါ ရည်ရွယ်ချက်များနှင့်လည်း ကိုက်ညီမှုမရှိခြင်းကို တွေ့ရှိရကြောင်း၊ ဤအဖွဲ့အစည်းနှစ်ရပ်၏ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းသည့်ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများ၏ အခန်းကဏ္ဍနှင့် ပြောရေးဆိုခွင့်များကို အလေးထားစဉ်းစားပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍နှစ်ပတ်လည်အစည်းအဝေးဆွေးနွေးပွဲများကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပပြီး စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ဒူဘိုင်းမြို့တွင် ရှိနေစဉ်ကာလအတွင်း ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှနိုင်ငံများအုပ်စုမှ အမှုဆောင်ဒါရိုက်တာ Mr. Rapee Asumpinpong နှင့် လည်းကောင်း၊ ဂျပန်နိုင်ငံ Mitsui Sumitomo Insurance Co., Ltd. မှ ဥက္ကဋ္ဌ Mr. Takeo Inokuchi နှင့် လည်းကောင်း၊ မလေးရှားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr. Jamaludin Mohd Jarjis နှင့် လည်းကောင်း၊ OPEC Fundမှညွှန်ကြားရေးမှူးချုပ် Mr. Seyyid Abdulai နှင့် လည်းကောင်း အသီးသီးတွေ့ဆုံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့သည်။ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးကိုလည်း ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ဝန်ကြီးနှင့်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းနွဲ့၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအထူးအရာရှိ ဗိုလ်မှူးကြီးသန်းညိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းတို့လည်း အဖွဲ့ခေါင်းဆောင်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် အတူပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၆ ရက်က ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဖေ့ ပြိုင်ပွဲတွင် တံခွန်စိုက် ဒိုင်းဆုရရှိသွားသော တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံအသင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒိုင်းဆု ချီးမြှင့်စဉ်။ (ရ-က-တ)

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ (၅၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့ရှိ Dubai International Convention Centreအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မူကြို(၃)နှင့် ထောက်ကြန့်ကလေးပြုစုရေးဌာနစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိဗိုလ်မှူးချုပ်သူရစိန်သောင်း လိုက်ပါလျက်ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းမင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းခွဲရှိ မူလတန်းကြိုကျောင်းအမှတ်(၃)သို့ရောက်ရှိလာရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ကျေးက အသက်သုံးနှစ်မှ ငါးနှစ်အတွင်းရှိ မူကြိုအရွယ် ရင်သွေးငယ်များ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရင်သွေးငယ်များအား ကာယ၊ ဉာဏ၊ စိတ်ဓာတ် ဖွံ့ဖြိုးရေးအတွက် သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ ကစားစရာများဖြင့် ပြုစုပျိုးထောင်နေခြင်းကို ကြည့်ရှုစစ်ဆေးကာ ရင်သွေးငယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ ထောက်ကြန့် ကလေးပြုစုရေးဌာနသို့ ရောက်ရှိလာရာ အုပ်ချုပ်ရေးမှူး ဒေါ်ကြည်ကြည်ဝင်းက မိဘမဲ့နှင့် စောင့်ရှောက်မှုလိုအပ်သော အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ရင်သွေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု၊ ကိုယ်ကာယနှင့် စိတ်ဓာတ်ဖွံ့ဖြိုးမှု မူကြိုပညာရေးဖြည့်ဆည်းပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကလေးပြုစုရေးဌာနအတွင်းရှိ အသက်အရွယ် အုပ်စုအလိုက်၊ ကျန်းမာရေးအခြေအနေအလိုက် ပြုစုစောင့်ရှောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှပြင်ကုသပေးမည်

ရန်ကုန် စက်တင်ဘာ ၂၇

လီလီအလှပြင်ဆိုင် ပြောင်းရွှေ့ခြင်းအထိမ်းအမှတ်အဖြစ် ဆံပင်ပုံမကျခြင်း၊ ဆံပင်ဖြောင့်ပြီး ပျက်စီးနေသောဆံပင်များကို နောက်ဆုံးပေါ်ဆေးဝါးများဖြင့် ပြုပြင်ပေးခြင်း၊ မျက်နှာဆေး၊ပေါင်းတင်ခြင်း၊မျက်ရစ်/နှာတံဖော်ခြင်း၊ မျက်အိတ်ပြုပြင်ခြင်း၊ မျက်ခုံးထိုးပြီး ပုံစံမကျဖြစ်နေခြင်း၊ အရောင်မကောင်းခြင်းတို့ကို နောက်ဆုံးပေါ်စက်ပစ္စည်းများဖြင့် ပြုပြင်ပေးလျက် ရှိသည်။

ဝက်ခြံ၊ မှဲ့ခြောက်၊ တင်းတိပ်၊ အဆီပြန်ခြင်း၊ တစ်ကိုယ်လုံးပေါင်းတင်ခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်၁၄၊ ဘုန်းကြီးလမ်း(အောက်ဘလောက်)၊လမ်းမတော်မြို့နယ်၊ ဖုန်း-၂၁၁၁၂၆၊ ၂၂၆၉၂၁၊ ၀၉-၅၀၂၀၄၈၅ နှင့် ယုဇနပလာဇာ (A-30)၊တတိယထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်နှင့် တာဝန်ရှိသူများ စက်တင်ဘာ ၇ရက်က မနေပြုမြို့နယ် ဆကာကြီး-ဥတို-အဖျောက်လမ်း (ဆကာကြီး အပိုင်း)ကို ကွင်းဆင်းစစ်ဆေးစဉ်။ (ဝ၈၅)

မြန်မာ-ဘင်္ဂလားဒေ့ရှ် လူငယ်ဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာ-ဘင်္ဂလားဒေ့ရှ် လူငယ်ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်က ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရှင်းလင်းပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာနယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ အားကစားဝန်ကြီးဌာနနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသောဌာနဆိုင်ရာများက မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းကဏ္ဍများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် လူငယ်ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲများအဖြစ် စက်တင်ဘာ ၃၀ ရက်တွင် ပထမပွဲကိုလည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ဒုတိယပွဲကိုလည်းကောင်း၊ အောက်တိုဘာ ၄ ရက်တွင် တတိယပွဲကိုလည်းကောင်း မြန်မာလူငယ် ဘောလုံးအသင်းများနှင့် နေ့စဉ် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

ချစ်ကြည်ရေးဘောလုံးပွဲအတွက် အထူးတန်း ဂိတ်ဝင်ကြေး ငွေကျပ် ၁၀၀၀နှင့် ရိုးရိုးတန်း ငွေကျပ် ၅၀၀ သတ်မှတ်ထားသည်။ **(သတင်းစဉ်)**

ရွှေသက်န်းဆက်ကပ်မည်

ရန်ကုန် စက်တင်ဘာ ၂၇

အင်းစိန်မြို့ တောင်သူကုန်းရပ်ကွက် ဘိုကုန်းဇေယျ သိဒ္ဓိမဟာသုံ့သာရ ဘုရားကျောင်းတွင် အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီမှ အောက်တိုဘာ ၁၂ ရက်အထိ နှစ်စဉ်ကျင်းပ မြဲမဟာသုံ့သာရ ရုပ်ရှင်တော်မြတ် ကြီး ရွှေသင်္ကန်းဆက်ကပ်ပွဲကို ကျင်းပမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့ (သောကြာနေ့) နံနက် ၉ နာရီတွင် ဗုဒ္ဓါဘိသေကအနေကဇာ တင်ပွဲကို စည်ကားစွာ ကျင်းပမည် ဖြစ်ရာ ရွှေသင်္ကန်း ဆက်ကပ်ပွဲ၌ အလှူရှင်များ ကိုယ်တိုင်ဆက်ကပ်နိုင်ရန်ကျောင်းတိုက်မှ ရွှေသင်္ကန်း အဆင်သင့် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

ကောင်းသန့်စာပေ အမှတ် ၂၀၉၊ ပထမထပ်(ယာ)၊၃၈လမ်း (အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၇၂၂၀၅၃ က ဖြန့်ချိမည့် လူတွေ ဘာနဲ့နေ စာအုပ် မျက်နှာဖုံး။ (က-ပ)



နိုင်ငံတကာ အဆင့်မီ
ရွှေနန်းတော်
အာမခံ စိန်ရွှေရတနာဆိုင်
ဖွင့်လှစ်ခြင်း (၁၀) နှစ်ပြည့်အထိမ်းအမှတ်
အထူးအစီအစဉ်
အထူးသတင်းကောင်း
တိုးချဲ့ပြင်ဆင် ဖွင့်လှစ်လိုက်ပါပြီ
ဆိုင်ဖွင့်ပွဲအထူးထုတ်
Blue Topaz
Golden Palace Diamond Card
နေ့စဉ်ဆိုင်ဖွင့်ပါသည်

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၂၉-၉-၂၀၀၃ ရက်တွင် ကျရောက်သော သမီးလေး ရွှေရတနာ(ခ)ခင်ရတနာဇော်၏ (၃)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် အသက်ထက်ဆုံးတိုင် ကျန်းမာချမ်းသာစွာဖြင့် ထူးချွန်ထက်မြက် လိမ္မာယဉ်ကျေးသော သမီးရတနာလေး ဖြစ်ပါစေ။

ဘွားဘွား – **ဒေါ်သန်းလှ**
ဘိုးဘိုး၊ ဘွားဘွား – **ရဲမှူးကြီး ဦးခင်မောင်လတ်၊ ဒေါ်ခင်လှမြင့်**
ဘဘ – **ကိုဟန်ထွန်းဦး (2nd Mate F.G Gewin)**
ဖေဖေ၊ မေမေ – **ကိုဇော်ဇော်လင်း (A/B HMM)၊ မခင်မြင့်ဦး**
လေးလေး – **ကိုဝင်းလတ်ဦး (A/B Gewin)**
– **ကိုဝင်းမင်းလတ် (2nd Mate F.G Gewin)**
တီတီ – **မခင်သွယ်သွယ်ဦး၊ မောင်ဇော်မင်းမောင်**

MT&K Tourism Co.,Ltd.

အမည်ပြောင်း

တောင်ဥက္ကလာ အထက (၃) X°Eမှ မဇင်မာမျိုးခိုင်အား မနန်းဦးဝေ ဟု ပြောင်းလဲခေါ်ပါရန်။

မနန်းဦးဝေ

ကောဒသမအကြိမ်မြောက်
မြန်မာ့ရိုးရာယဉ်ကျေးမှု အတီး အက အရေး အဆို ရုပ်ပုံငွေ ပျော်ပွဲ
AURORA ၅-၁၀-၂၀၀၃(စနေနေ့)
LAZY CLUB ၅-၁၀-၂၀၀၃(တနင်္ဂနွေနေ့)

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ လျှပ်စစ်စက်ဘီးများကို
အောက်ပါအတိုင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်

၁။ အန္တရာယ်ကင်းရှင်းစွာဖြင့် အလွယ်တကူ အချိန်မရွေး အသုံးပြုနိုင်ပြီး တစ်ကြိမ်လျှင် ၈ နာရီခန့် အားသွင်းထားလျှင် ၂၅ မိုင်ခန့်မောင်းနှင်နိုင်ပါသည်။
၂။ ဘက်ထရီကို အကြိမ်ကြိမ်အားသွင်း အသုံးပြုနိုင်ပြီး ဘက်ထရီအပိုဝယ်ယူ အသုံးပြုနိုင်ပါသည်။
၃။ ဘက်ထရီ အားကုန်သွားပါက ရိုးရိုးစက်ဘီးကဲ့သို့လည်း ခြေနင်းဖြင့် အသုံးပြုနိုင်ပါသည်။
၄။ ဓာတ်ဆီမလို၊ ငွေမကုန်၊ အသံဆူညံမှုနှင့် လေထုညစ်ညမ်းမှု မရှိစေဘဲ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ကင်းစွာ အသုံးပြုနိုင်ပါသည်။

အသေးစိတ်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်သောနေရာများ

* ရုံးချုပ် ဖုန်း-၀၁-၅၆၀၆၈၇၊ ၀၁-၅၆၆၀၅၈၊ ၀၁-၅၆၆၀၅၉
* စက်ဘီးစက်ရုံ(ရန်ကုန်) ဖုန်း-၀၁-၂၉၀၀၂၀၊ ၀၁-၂၉၀၀၁၉
* စက်ဘီးစက်ရုံ(ကျောက်ဆည်)ဖုန်း-၀၆-၆၅၀၅၃၆
* ဝင်းသူဇာအရောင်းဆိုင် (မန္တလေး)
* ဝင်းသူဇာအရောင်းဆိုင် (မိတ္ထီလာ)
* ဝင်းသူဇာအရောင်းဆိုင် (ကျောက်ဆည်)
* ဝင်းသူဇာအရောင်းဆိုင် (ပြည်)
* ဝင်းသူဇာအရောင်းဆိုင် (ပခုက္ကူ)
* ဝင်းသူဇာအရောင်းဆိုင် (ပဲခူး)
* ဝင်းသူဇာအရောင်းဆိုင် (မုံရွာ)
* ဝင်းသူဇာအရောင်းဆိုင် (မြင်းခြံ)
* ဝင်းသူဇာအရောင်းဆိုင် (မကွေး)
* ဝင်းသူဇာအရောင်းဆိုင် (မော်လမြိုင်)
* ဝင်းသူဇာအရောင်းဆိုင်(ပျဉ်းမနား)
* ဝင်းသူဇာအရောင်းဆိုင် (ပုဂံ၊ ညောင်ဦး)
* ဝင်းသူဇာအရောင်းဆိုင် (ပုသိမ်)
* ဝင်းသူဇာအရောင်းဆိုင် (တောင်ဒဂုံ)
* ဝင်းသူဇာအရောင်းဆိုင် (လှိုင်သာယာ)
* ဝင်းသူဇာအရောင်းဆိုင် (မြောက်ဒဂုံ)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀/က)
ရောဝတီတိုင်းတရားမရုံးတော်၌
၂၀၀၁ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅နှင့်ဆက်သွယ်သည့်
၂၀၀၃ခုနှစ်၊တရားမဇာရီမှုအမှတ် ၁၂

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးတင်မောင်သန်း
ဟင်္သာတမြို့ ၂။ ဒေါ်နွယ်နွယ်အေး

အနိုင်ရသူ **တရားရှုံး**

ဦးတင်မောင်သန်း-ဒေါ်နွယ်နွယ်အေး အမှတ်(၃၄)၊ လက်သမားရပ်၊ ရွှေစေတီလမ်း၊ ဟင်္သာတမြို့နေ သိစေရမည်။

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၃၅တွင် ကျရှိသည့် ဒီကရီ အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မြန်မာ့စီးပွားရေးဘဏ်၊ ဟင်္သာတမြို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၃ခုနှစ် အောက်တိုဘာလ ၁၇ရက် (၁၃၆၅ခုနှစ်သီတင်းကျွတ်လဆုတ် ၇ ရက်)နေ့ မွန်းမတည့်မီ ၁၁နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၃ ခုနှစ် စက်တင်ဘာလ၁၆ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မျိုးညွန့်
တွဲဖက်တိုင်းတရားသူကြီး
ရောဝတီတိုင်းတရားရုံး၊ ပုသိမ်မြို့

ကျေးဇူးဆပ်ပါမည်

ပေါင်စင်းထရေးဒင်းကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၁၉၅/၉၅-၉၆ (မူရင်း) နှင့် ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်လက်မှတ် ထသက-၇၂၇၆ ထုတ်ပေးနေ့ ၂၆-၂-၉၇မူရင်းတို့သည် ခရီးသွားလာရင်း လမ်းခရီးတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ကုမ္ပဏီရုံး လိပ်စာသို့ အကြောင်းကြားပေးပါရန်။

အမှတ် ၁၄၊ အသံလွှင့်ရုံလမ်း၊
ကြခင်းစုရပ်ကွက်
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၇၃၈၉

ခွင့်အားကျဆင်းရောဂါ

မိမိဝင်းဇော်
နှလုံးသားမြို့တော်
Tape & CD ထွက်ပြီ
Golden Wing
Evening Star
Lynn
Kenosis

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁ ရက် (ဗုဒ္ဓဟူးနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အမည်ပြောင်း

အထက(၂) လသာ နဝမတန်း(S)မှ အဖ ဦးစိုးတင့်၏သမီး မနှင်းအေးအောင်အား မအိသန့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မအိသန့်ဖြိုး

ဒေါ်ပြုံးပြုံးတင်
B.E (E.P-1973)
အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ ဦးတင်ဖေ-(ဒေါ်ခင်စန်း)၊ ဒေါ်တင်ရွှေတို့၏ သမီးကြီး၊ (ဦးမောင်မြင့်)-ဒေါ်စိန်ဖွားတို့၏ သမီးချွေးမ၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ မီးဒုံးလမ်းနေ ဦးမျိုးညွန့်၏ ဇနီး၊ ဦးမြတ်ဝေချို(လ/ထ ပြည်နယ်ဥပဒေအရာရှိ၊ ဟားခါးမြို့)-ဒေါ်ချိုချိုတင် (တရားရုံးချုပ် ရှေ့နေ)၊ (ဦးအောင်မြင့်)-ဒေါ်ရီရီမြင့်၊ (ဦးရဲထွဋ်)-ဒေါ်နုနုတင် တို့၏ အစ်မကြီး၊ ကိုသန့်ဇင်-မသိင်္ဂီမျိုး၊ အောင်သီဟမျိုး (ခ) Oscar(ခေတ္တ-မလေးရှား)၊ စန္ဒာမျိုး (ခ) ဆွေဇင်ယု (တော်ဝင်ဦးကုမ္ပဏီ)၊ ဇာနည်မျိုးတို့၏ မိခင်၊ သံစဉ်တေး၏ အဘွားသည် ၂၃-၉-၂၀၀၃ရက် နံနက်၉း၃၀နာရီတွင် အမှတ် ၅/၅၊ နဝဒေး ဥယျာဉ်အိမ်ရာ (Shop House)၊ လှိုင်သာယာနေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။



Invitation To Sealed Tender
Myanmar Pharmaceutical Industries

1. Sealed Tenders are invited by Myanma pharmaceutical industries , ministry of industry (1) for pharmaceutical raw materials for Myanma pharmaceutical factory.

SR.No	Tender No.	Description	Closing Date/Time
(1)	600(T) MPHI/ MPF/ 2003-2004	Pharmaceutical Raw Materials	20-10-2003 16:30HRS

2. Tender Documents are available at the office of managing director, 192, Kabaaye Pagoda Road,Yangon, During Office Hours.
3. Myanma Pharmaceutical Industries Reserves the right to reject any or all tenders without furnishing reasons.

Managing Director
Myanma Pharmaceutical Industries.



အလွှာအရှင်မြတ်အမိန့်တော်ခံယူခြင်း
ရှုပိုင်းအဟ်မဒ်(ခ)ဦးတင်အေး (M.M.A ဘဏ္ဍာရေးမှူး)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၆ လမ်း၊ အမှတ်၄ နေ ဒေါ်အမာ၏ခင်ပွန်း၊ မောင်ဇေယျာမင်းစိုး၊ မောင်အာကာမင်းစိုး-မဆွေဆွေအောင် (ကီးမားတင်ဝင်း-မန္တလေး)၊ မောင်ရာဇာမင်းစိုး၊ မကေသွယ်မင်းစိုး၊ မစိုးယုခိုင်၊ မကေခိုင်မင်းစိုး၊ မောင်လင်းအောင်ဇော်၊ စန္ဒီအေးချို၊ မောင်ရဲထွဋ်အောင်၊ မောင်ကျော်နိုင်ဝင်း၊ မောင်စည်သူအောင်၊ မနန္ဒာမင်းစိုး၊ မောင်ထက်ပိုင်မင်းစိုး၊ မောင်သီဟအေးချို၊ မောင်ဇော်နိုင်ဝင်း၊ ဝဏ္ဏအေးချို၊ မောင်အောင်နိုင်ဝင်း တို့၏အဘိုး၊ မောင်မင်းခန့်မောင်၏ ဘိုးဘိုးကြီးသည် ၂၄-၉-၂၀၀၃ ရက်တွင် အလွှာအရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၅-၉-၂၀၀၃ ရက် ဇဟိုနမာဇ်အပြီးတွင် ရေဝေးစွန္နီ မွတ်စလင်သုသာန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်လွှာ
ဒုတိယဗိုလ်မှူးကြီး မောင်အေး(ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့ အမှတ်(၂)တပ်မတော်ဆေးရုံတွင် ၂၀-၉-၂၀၀၃ ရက်နေ့၌ ကွယ်လွန်သွားခဲ့ပြီး ၂၂-၉-၂၀၀၃ ရက် နေ့တွင် သင်္ဂြိုဟ်ပြီးစီးခဲ့သည့် ဒုတိယ ဗိုလ်မှူးကြီး မောင်အေး(ငြိမ်း) နာမကျန်း ဖြစ်စဉ်က ဂရုစိုက်ကုသပေးခဲ့ကြသော တဆရ(၂)မှ တပ်မှူးကြီးနှင့်တကွ ပါရဂူကြီးများ၊ ဆရာဝန်/ဆရာမများ၊ သူနာပြုနှင့် ဝန်ထမ်းများ၊ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် စစ်ဖက်နယ်ဖက်မှ ပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်ဆွေများ၊ ရပ်နီး/ရပ်ဝေးမှ လူကိုယ်တိုင်သော်လည်းကောင်း၊တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ကြေးနန်းဖြင့်သော်လည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းမေးမြန်း အားပေးခဲ့ကြသည့် ဆွေမျိုးမိတ်ဆွေ အပေါင်းတို့အားလည်းကောင်း ကျေးဇူး ဥပကာရတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ပြုံးပြုံးတင် B.E (E.P-1973)
အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ ဦးတင်ဖေ-(ဒေါ်ခင်စန်း)၊ ဒေါ်တင်ရွှေတို့၏ သမီးကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ မီးဒုံးလမ်းနေ ဦးမျိုးညွန့်၏ဇနီး၊ ကိုသန့်ဇင်-မသိင်္ဂီမျိုး၊ အောင်သီဟမျိုး (ခ) Oscar(ခေတ္တ-မလေးရှား)၊ စန္ဒာမျိုး(ခ)ဆွေဇင်ယု (တော်ဝင်ဦးကုမ္ပဏီ)၊ ဇာနည်မျိုး တို့၏ မိခင်၊ မဏ္ဍလေးမြတ်ချို(ရှီးမဘဏ်)၊ မသန္တာဝင်း(အာရှဓနဘဏ်)၊ ဒေါက်တာ သက်ဇော်မြတ်ချို (လ/ထဆရာဝန်၊ တပ်မတော် အရိုးကုဆေးရုံကြီး)၊ မနန္ဒာဝင်း (G.T.C၊ သန်လျင်)၊ မောင်အောင်ကိုကို၊ မောင်မင်းပြည့်စုံ၊မရွှေရည်ဝင်း၊ မစုရည်ထွဋ်၊ မောင်အာကာတို့၏ကြီးဒေါ်၊ သံစဉ်တေး၏ အဘွားသည် ၂၃-၉-၂၀၀၃ရက် နံနက် ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူ တူ တူမများ။

ဦးလှကြည် (စစ်ကွင်း)
အင်ဂျင်နီယာ(ငြိမ်း) ပဆေ
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မင်းရဲကျော်စွာအိမ်ရာ၊ အမှတ် (C-4/A) နေ (ဦးသာလှိုင်-ဒေါ်စိန်)တို့၏သား၊ (ဒေါ်သန်းသန်းဆင့်)၏ခင်ပွန်း၊ ဦးလှသိန်း (ဒုတိယပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်)-ဒေါ်အေးသီတာ၊ ဦးသောင်းဌေး (အင်ဂျင်နီယာမှူးကြီး၊ ပဆေ၊ရှမ်း/ရှေ့)-ဒေါ်ဥမ္မာကြည်၊ ဦးနိုင်လင်း-ဒေါ်သီတာအေး၊ ဒေါက်တာအောင်မြင့်လွင်(ကလေးအထူးကု၊ရမည်းသင်းဆေးရုံ)-ဒေါ်ယဉ်ယဉ်လှ၊ ဦးရဲလင်း-ဒေါ်မြင့်မြင့်ထွေးတို့၏ဖခင်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၂၇-၉-၂၀၀၃ရက် ညနေ ၃း၁၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၉-၉-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမင်းစိန်လွင်
(ညွှန်ကြားရေးမှူး၊ မြေတိုင်းဦးစီးဌာန)
အသက်(၄၈)နှစ်

ဦးစိန်လွင်-ဒေါ်ခင်လှကြည်(ခေတ္တ-USA)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၃၀၆၊ အခန်း ၄ နေ ဦးလှဦး-ဒေါ်ခင်လှတို့၏သားသမက်၊ ဒေါ်ခင်သစ်ဦး၏ခင်ပွန်း၊ မသီရိသက်ထားလွင် (ပဉ္စမတန်း-D၊ အထက-၁၊ ဒဂုံ)၊ မခိုင်သန္တာလွင် (ဒုတိယတန်း-G၊ အထက-၁၊ ဒဂုံ)၊ မဆန်းအိန္ဒြာလွင်တို့၏ဖခင်၊ ဒေါက်တာကျော်ထွန်း-ဒေါက်တာလင်းစန္ဒာလွင် (ခေတ္တ-USA)၊ ဒေါက်တာဇေယျာဝင်း-ဒေါ်လှမြတ်လွင် (ခေတ္တ-UK)၊ ဒေါက်တာစိန်ဝေလွင်(ခေတ္တ-UK)တို့၏ အစ်ကိုကြီး၊ မမိုးမိုးထွန်း၊ မောင်အောင်ဥက္ကာ၊ မောင်အောင်အာကာတို့၏ဦးလေးသည် ၂၆-၉-၂၀၀၃ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၉-၂၀၀၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမိုးကျော်သူ (မကွေး)
B.D.S. (Ygn:)
အသက်(၃၄)နှစ်

ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင် လျက်ရှိသော သူငယ်ချင်း ဒေါက်တာမိုးကျော်သူသည် ၂၆-၉-၂၀၀၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိ သို့လားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ **သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ၁၉၉၄-၉၅ ဘွဲ့ရသူငယ်ချင်းများ။**

ဦးဇော်ထွန်း
B.Sc (Engg:)
ဒုဌာနမှူး၊လမ်း/တံတား၊(ငြိမ်း) (မြို့တော်စည်ပင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၇၊ မဟာဇေယျလမ်းနေ (ဦးသိန်းအုံ-ဒေါ်မြကြည်)တို့၏သား၊ ဒေါ်ခင်မာကြည် (အထက-၄၊ ပုဇွန်တောင်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးသိန်းထွဋ် (စည်ပင်)၊ ဒေါ်ကြူကြူမာ (မြန်မာ့လေကြောင်း)၊ ဦးသန်းထွဋ်တို့၏ဖခင်၊ ဦးဝမ်းအောင်-ဒေါ်ရီရီတို့၏ညီ၊ ဦးစိန်ဝင်း- ဒေါ်ခင်အုန်းသန့်တို့၏ အစ်ကိုသည် ၂၈-၉-၂၀၀၃ရက် နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်ချို
(အထက်တန်းပြ၊အထက-၁၊ ရွှေပြည်သာမြို့)
အသက်(၅၃)နှစ်

သုံးဆယ်မြို့နယ်နေ ဦးစိန်ဝင်း-ဒေါ်မေဆုံတို့၏သမီး၊ (ဦးမြင့်သွင်)-ဒေါ်မြင့်မြင့်ခိုင်တို့၏ညီမ၊ ဦးထင်ဝင်း-ဒေါ်ဆွေဝင်းမာတို့၏အစ်မ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊အမှတ် ၈/၆/၁၉၅၊ သီရိပန်းခြံ၊ ဗိုလ်မင်းရောင်လမ်းနေ ဦးမောင်မောင်တိုး(အထက-၆၊ ဗိုလ်တထောင်)၏ဇနီး၊ မောင်ကျော်ဇင်တိုး-မယုယုမော်၊ မောင်သော်ဇင်တိုးတို့၏မိခင်သည် ၂၇-၉-၂၀၀၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၀၃ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးစိုးမြင့် (မန္တလေး)
(ဦးရွှေဆိုင်၊မန်းမြို့ဈေး)
အသက်(၅၃)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်၊ အကွက် ၅၃၊ မြနန္ဒာလမ်းသွယ်နေ ကိုမင်းမင်းစိုး-မလှမြင့်မေ၊ (မသင်းသင်းစိုး)၊ ကိုတင်လင်းအောင်-မဝင်းဝင်းစိုး၊ မယဉ်မွန်စိုးတို့၏ဖခင်၊ မောင်အာကာမိုးထက်၊ မောင်ဝေယံလင်းအောင်တို့၏ အဘိုး၊ ဒေါ်ခင်စန်း (ဦးရွှေဆိုင်၊ မန်းမြို့ဈေး)၏ခင်ပွန်း ပန်းထိမ်ဆရာကြီး ဦးစိုးမြင့်သည် ၂၇-၉-၂၀၀၃ရက်(စနေနေ့)ညနေ ၃း၃၀ နာရီတွင်ကွယ်လွန်ပါ၍ ၂၉-၉-၂၀၀၃ ရက်(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် နေအိမ်မှကြာနီကန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင်လှ
ဒု-ဦးစီးမှူး(မီး)
တောင်ဥက္ကလာပမြို့နယ်မီးသတ်စခန်း ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၃)
အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ (ဦးကြီးလှ-ဒေါ်တင်ငွေ)တို့၏သား၊ (ဦးသိန်းဆွေ-ဒေါ်ခင်တိုးဝင်း)တို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ မီးသတ်စခန်းဝင်းနေ ဒေါ်ခင်နှင်းဆွေ၏ခင်ပွန်း၊ မောင်သူရအောင်(နောက်ဆုံးနှစ်၊ မြန်မာစာ၊ တပ်မတော်-လေ)၊ မောင်ကျော်စွာလင်း (ပထမနှစ်၊ စီးပွား/စီမံ၊ သဃ်္ဃန်းကျွန်းမြို့နယ် မီးသတ်စခန်း)၊ မောင်ဖြိုးသီဟတို့၏ဖခင်သည် ၂၇-၉-၂၀၀၃ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၉-၉-၂၀၀၃ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးသန်းစိုး(ခ)ချိုတူး
ဒု-လုပ်သား(မြို့ပြ)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
(ကျောက်ဖြူ)
အသက်(၃၄)နှစ်

ကျောက်ဖြူမြို့၊ အရာရှိရပ်ကွက်နေ ဦးယက်သဲအောင်-ဒေါ်နှင်းရီတို့၏ သားထွေး၊ ဦးထွန်းစိန်-ဒေါ်လှလှတို့၏ သားသမက်၊ ဒေါ်တင်တင်ရီ (အလက-၄)၊ ဒေါ်သက်သက်ရီ (ရန်ကုန်လုပ်ငန်းခွဲ၊ ယမကာလုပ်ငန်းဌာန၊ ဟိုတယ်/ခရီး)၊ ဦးစိုးနိုင်(ခ)ချိုကြီး၊ ဦးရဲနိုင်(ခ)ချိုလေးတို့၏ညီမောင်၊ ဒေါ်လှလှထွန်း(ခ)အမာစိန်၏ခင်ပွန်း၊မအေးမြမင်း၊မဇင်မာမင်းတို့၏ဖခင်သည် ၁၇-၉-၂၀၀၃ရက် နံနက် ၈း၁၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကျောက်ဖြူ ကဘာရ်စတန်၌ ဒါဖနာပြီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ဖွားစိန် (မုဒုံ)
အသက်(၁၀၁)နှစ်

မုဒုံမြို့၊ ဘုရားလေးဆူရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၃၀၀ နေ (ဦးယူနွတ်)၏ဇနီး၊ (ဦးကရင်) ဒေါ်ချိုတို့၏ အစ်မ၊ ဦးသောင်းဆိုင် (ကျောင်းအုပ်၊ ငြိမ်း)-ဒေါ်နှင်းရွှေ၊ ရန်ကုန်မြို့၊ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ ၁၄၄ နေ စက်ဆရာကြီး ဦးအာဒမ်-ဒေါ်အုံးကျင်၊ ကော့ကရိတ်နေ ဦးချစ်ဟန်(ကျောင်းအုပ်ကြီး၊ငြိမ်း)-ဒေါ်ဘေဘီ၊ ဦးအောင်မင်း (ခြံ/ဂျာ၊ ဆီအုန်း၊ အင်္ဂပို)-ဒေါ်အေးမူ၊ ဦးသိန်းလွင်(မုဒုံရော်ဘာစက်ရုံ)-ဒေါ်စီစီစိန်မြင့်တို့၏မိခင်ကြီး၊ မြေး ၂၂ ယောက်၊ မြစ် ၂၃ ယောက်တို့၏ အဘွားသည် ၂၄-၉-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၅-၉-၂၀၀၃ ရက် ဇဟိုရ်နမာဇ်အပြီး မုဒုံ ကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်အမာကြည်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြကန်သာ ၂ လမ်း၊ အမှတ် ၁၀ နေ (ဦးပါကြူ-ဒေါ်သန်းရင်)တို့၏သမီး၊ (ဦးလှရွှေ)၏ဇနီး၊ ဦးသန်းဝင်း၊ ဦးအုန်းသန်း (အထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း) ဒေါ်တင်ဝင်း၊ ဦးအေးရွှေ-ဒေါ်ကြည်ဝင်းတို့၏မိခင်၊ မောင်နေမျိုးဝင်း၊ ဗိုလ်ကြီးကျော်စိုးမင်း-မဇင်မိုမိုအောင်၊ဗိုလ်ကြီးထွန်းလှဝင်း၊ မောင်ဇေယျာဝင်း၊ မောင်မျိုးသူရ၊ မအေးဝင်းဝင်းထိုက်၊ မခင်ဇာလီကျော်၊မခင်ဇာခြည်ကျော်တို့၏အဘွားသည် ၂၈-၉-၂၀၀၃ရက်(တနင်္ဂနွေနေ့)နံနက် ၂း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက် (အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မြမြ (သထုံ)
ဟိန်းထက်ဇော်ဗီဒီယို
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံ အနောက်ရပ်ကွက်၊ အမှတ် ၁၇၃(ခ)နေ (ဦးသိန်းဟံ)-ဒေါ်ရင်ကြည်၏ သမီး၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အုဖ္ဖိုလ်တန်းလမ်း၊ အမှတ် ၄၃၁ နေ (ဦးအောင်ဖေ)- ဒေါ်ငွေတင့်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေကြီး (က-ဂ) ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ် ၁၀ နေ ဦးဝင်းကြည်(လ/ထ မန်နေဂျာ) ဘဏ်တွင်းစာရင်းစစ်ဌာန ရုံးချုပ်၏ဇနီး၊ ကော့သောင်းမြို့နယ်နေ(ဦးကြည်လွင်)-ဒေါ်တင်တင်ဌေး၊ ဦးတင်ထွန်း - ဒေါ်မွန်မွန်တို့၏ ညီမ၊ ဦးသိန်းရွှေ၊ ဦးစိန်ဝင်း-ဒေါ်ခင်ခင်မျိုး၊ ဦးဌေးလွင်၊ ဦးထွန်းအေးတို့၏ အစ်မ၊ မဝင်းဝင်းနွယ် (M.F.T.B)၊မောင်အောင်မြတ်မိုး၊ မောင်သိန်းမြတ်မိုး၊ မဝင်းဝင်းကြွယ် (ယဉ်ကျေးမှုတက္ကသိုလ်)၊ မောင်ငွေမိုးဝင်း(ခေတ္တ-စင်ကာပူ) တို့၏မိခင်သည်၂၆-၉-၂၀၀၃ရက် (သောကြာနေ့)ည ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (တာမွေ၊ ရွှေဟင်္သာလမ်းနေအိမ်မှ မွန်းလွဲ ၁နာရီတွင် ကားများထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မအေးအေးမြင့်
Grand Pharmacauticale Co., Ltd.
အသက်(၃၇)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း ၂၀၊ အမှတ် ၁၉၆ နေ ဦးသန်းမောင်-ဒေါ်စန်းမြင့်တို့၏သမီး၊ ဦးစိုးမြင့်ကြည် - ဒေါ်ခင်သန်းမြင့် (ခေတ္တ-USA)၊ ကိုထင်အောင်တို့၏ ညီမ၊ ဒေါ်ကြည်ကြည်ဝေ (အလက-၅၊ လှိုင်ကော်)၊ကိုအောင်ကျော်ဦး-မအေးအေးမြိုင်၊ မမြင့်သန်းနွယ်၊ ကိုမြတ်အောင်၊ကိုမြတ်ခိုင်တို့၏အစ်မ၊ မအိမ်စည်ပွင့်၊ မောင်လင်းထက်အောင်၊ မအေးသန္တာတို့၏အဒေါ်သည် ၂၈-၉-၂၀၀၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၀၃ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စပယ်လှိုင်(ခ)
ဒေါ်တူးတူး
အသက်(၃၆)နှစ်

မော်လမြိုင်မြို့၊ ဈေးကြိုဆန်တန်းရပ်၊ အမှတ် ၆၁ နေ ဦးမောင်မြင့်-ဒေါ်တင်ဥတို့၏ချွေးမ၊ ထားဝယ်မြို့နေ (ဦးလေးဖိ)-ဒေါ်ခင်ခင်ကြီးတို့၏သမီး၊ ဒေါ်အိမမ၏ညီမ၊ ဦးမြဟန်၏ဇနီး၊ မောင်အောင်မြင့်မြ၊ မခင်မြဟန်တို့၏ မိခင်သည် ၂၅-၉-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၉-၂၀၀၃ရက်တွင် မော်လမြိုင်မြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၀၃ရက် နံနက်တွင်အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသက်ညွှန့် (ဒေးဒရဲ)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၆၀၂၊ ၁၇ လမ်း၊ (၆)ရပ်ကွက်နေ (ဦးဘဆက်-ဒေါ်ချို)တို့၏သား၊ (ဦးဖိုးသုန်-ဒေါ်နှင်းဦး)တို့၏ သားသမက်၊ (ဒေါ်သန်း)၊(ဒေါ်ကြည်)တို့၏ မောင်၊ (ဦးရွှေအေး)၊ဒေါ်စိမ်းစိမ်း၊ (ဦးသာဒွန်း၊ ဒေါ်သန်းရွှေ)တို့၏အစ်ကို၊ (ဒေါ်စိန်ရှင်)၏ခင်ပွန်း၊ ဦးတိုးညွှန့်(စက်မှု အင်ဂျင်နီယာ၊မြန်အောင်ရေနံမြေ)-ဒေါ်ခင်ဖြူ၊ ဦးမျိုးညွှန့်-ဒေါ်အုန်းရီ၊ ဦးမင်းထက် (ASIA Japan Group Co.,Ltd.)-ဒေါ်တင်တင်မူ (အမက-၁၈၊ လှိုင်သာယာ)၊ ဒေါ်မြင့်မြင့်သက်(သစ်တောဦးစီးဌာန၊ ရုံးချုပ်)၊ ဦးသန်းမြင့်၊ ဦးသန့်ဇင်-ဒေါ်အေးအေးကြူ၊ ဒေါ်မဥ္ဇူသက် (တရားရုံးချုပ်ရှေ့နေ) ဦးကျော်ကျော်သက်(EO.Sunrise Marine Ltd.) တို့၏ဖခင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၂၇-၉-၂၀၀၃ရက် (စနေနေ့) ည ၉း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၉-၉-၂၀၀၃ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းကြည်(ခ)
ဒေါ်ကြည်(ခ)ဘူဒီး
(ရွှေကျင်မြို့နယ်ရာသက်ပန်အသင်းဝင်)
အသက်(၇၅)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၂/က)ရပ်ကွက်၊ သဒ္ဒါရုံ ၄ လမ်းနေ (ဦးဘကျော်-ဒေါ်နှင်းရင်)တို့၏သမီး၊ (ဦးတင်အေး-ဒေါ်စန်း)၊ (ဦးခင်မောင်ကြီး-ဒေါ်စန်းရင်)တို့၏ညီမ၊ (ဦးသန်းလှိုင်)၊ ဒေါ်မြညွှန့် (အလက-၂၊ သာကေတ၊ ငြိမ်း)၊ ဦးတင်ငွေ-ဒေါ်သန်းသန်းဆင့်၊ ဦးတင်ရွှေ-ဒေါ်အေးအေးမြင့်၊ ဦးစိုးနိုင်-ဒေါ်ဝင်းတို့၏အစ်မ၊ တူ တူမ ၃၀ တို့၏အဒေါ်၊ သာကေတမြို့၊ (၈) ရပ်ကွက်၊ရှုခင်းသာလမ်း၊အမှတ် ၄/ခ နေ ဦးဝင်းမြင့်၏ဇနီး၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်နေ ကိုကိုဦး၊ မအေးအေးမိုးတို့၏မိခင်၊ မဇူးဇူးမိုးဦး၊ မောင်ကျော်ခန့်ဇော်တို့၏အဘွားသည် ၂၇-၉-၂၀၀၃ရက်(စနေနေ့)ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၀၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [သာကေတမြို့ (၈) ရပ်ကွက် နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးကံဦး (ငြိမ်း)
(ကြည်း-၈၇၆၃) (လပွတ္တာ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အမှတ် ၁၃၉/၂၊ သံသုမာလမ်း၊ စုပေါင်းရပ်ကွက်နေ (ဦးစိန်-ဒေါ်ဆုံ)တို့၏သား၊ (ဦးအုံးစိန်-ဒေါ်ထွေး)တို့၏သားသမက်၊ ဒေါ်သီသီစိန်၏ခင်ပွန်း၊ ဦးရဲဝင်း(သယ်ပို့/စက်ပြင်၊ MOGE) - ဒေါ်မော်မော်ဦး (အမက-၁၇၊သဃ်္ဃန်းကျွန်း)၊ ဦးသော်ဦး (ဟိုတယ်/ခရီး) - ဒေါ်ကြူကြူဆွေ (ဥပဒေဌာန၊ ရတနာပုံ တက္ကသိုလ်)၊ (ဦးအောင်ကျော်ဦး)တို့၏ဖခင်၊ မောင်ဝင်းပြည့်ဖြိုး၊ ဗိုလ်လောင်းနိုင်လင်းဦး (DSTA)၊ မဝင့်မိုမိုကျော်၊ မောင်အောင်ကိုဇင်(X.B TTC)တို့၏အဘိုးသည် ၂၈-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိုး
အသက်(၄၀)

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ ဥဇ္ဇာနာ ၃ လမ်း၊ အမှတ် ၂၇၉ နေ ဦးကောက်-ဒေါ်သန်းမြင့်(ခ) ဒေါ်မိတို့၏သား၊ (ဦးသန်းရွှေ)-ဒေါ်တင်အေးတို့၏သားသမက်၊ ဦးကျော်ညွှန့် (တပ်မတော်-ရေ)၊ ဒေါ်ဝင်းဝင်းရွှေ (ချည်ထည်၊ သမိုင်း)တို့၏ ညီ/မောင်၊ ကိုကျော်နိုင်၊ မစိုးစိုးဝင်း (သရုပ်ပြ၊ အင်္ဂလိပ်စာဌာန၊ မှော်ဘီ၊ G.T.C) တို့၏အစ်ကို၊မမျိုးမာလာဝင်း၏ဦးလေး၊ ဥဇ္ဇာနာ ၁ လမ်း၊ အိမ်အမှတ် ၂၃၀ နေ ဒေါ်စန်းစန်းဌေး၏ခင်ပွန်း၊ မောင် ကျော်သူ၊ မယဉ်မျိုးသွယ်တို့၏ ဖခင်သည် ၂၇-၉-၂၀၀၃ရက် (စနေနေ့) နံနက် ၂း၄၅ နာရီတွင်ဗဟိုစည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းမောင်
(ကြို့ပင်ကောက်)
တူးကန်ရွာ
အသက်(၈၇)နှစ်

ကြို့ပင်ကောက်မြို့နယ်၊ တူးကန်ရွာ (ဦးချိတ်-ဒေါ်မယ်သင်)တို့၏ သား၊ ဒေါ်တင်ရွှေ၏ ခင်ပွန်း၊ ဦးခင်သန်း (မြန်မာ့မီးရထား၊ ဆေးဌာန၊ ရန်ကုန်)-ဒေါ်ကြည်ကြည်အေး၊ တူးကန်ရွာနေ ဦးဇော်မြင့်-ဒေါ်သန်းသန်းအေး၊ ဦးဇော်တင့် - ဒေါ်ခင်စန်းအေး၊ ကလဆ (ခုတင်-၃၀၀)နေ အရာခံဗိုလ်ကံမြင့်ဦး (တဆရ-၄၊ ၃၀၀) - ဒေါ်နုနုစိန် (အမက-၉၊ မင်္ဂလာဒုံ)တို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုးသည် ၂၇-၉-၂၀၀၃ရက် (စနေနေ့) ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်ပါ၍ ၂၉-၉-၂၀၀၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကလဆ(ခုတင်-၃၀၀)နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးချစ်သာ (အပေါင်)
လဝကမြို့နယ်ဦးစီးမှူး၊ (ငြိမ်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် ၄ (တတိယထပ်) ခေါင်းရင်းခန်းနေ ဦးထွန်းအေး-ဒေါ်သင်းယုံတို့၏သား၊ ဒေါ်မြမူ၏ခင်ပွန်း၊ ဒေါ်ဝင်းဝင်းချစ် (အထက-၁၀၊ တာမွေ)၊ ဦးအောင်ချစ် (အုတ်သဲကျောက်)-ဒေါ်ခင်မေသန်း၊ (ဦးခင်မောင်ချစ်)၊ဦးသီဟချစ်(လဝက)-ဒေါ်ခင်မာဝင်း၊ ဦးသူရချစ်(လဝက)-ဒေါ်နီနီခင်(လဝက)၊ ဦးကျော်စွာချစ်၊ ဦးထွန်းထွန်းချစ်၊ ဒေါ်သန္တာချစ်-ဦးကြည်ဆွေ၊ ဦးဇော်ဝင်းချစ်-ဒေါ်လှယဉ်ဌေးတို့၏ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် ၂၈-၉-၂၀၀၃ရက် ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမ
ဒေါ်လှလှမြတ်(ခ)ဒေါ်လှလှ
အထက်တန်းသူနာပြု ဆရာမကြီး(ငြိမ်း)
အသက်(၆၄)နှစ်

မြောင်းမြမြို့နေ (ဦးသိန်းမောင်-ဒေါ်တင်ညွှန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်းနေ (ဦးကောက်-ဒေါ်အုန်းကြည်) ဘိုးဘိုးအောင်ဆေးတိုက်တို့၏ သမီးချွေးမ၊ အမှတ် ၂၂-G(၂)သာသနာ့ရိပ်သာလမ်း၊ဗဟန်းမြို့နယ်နေ(ဦးအောင်ကျင်) AE 3 ၊ တိုင်းဆောက်လုပ်ရေး (၁၁)ငြိမ်း၏ဇနီး၊ (ဦးကိုကိုလေး)-ဒေါ်မြင့်မြင့်တို့၏ညီမ၊ ဦးကျော်ဇောလင်း - ဒေါ်ပပကျင် (မေဘရဏီ-Jewellery)၊ ဦးဆန်းမောင်ဝင်း(ခ) သားသား - ဒေါ်သက်သက်ကျင် (Pizza. Corner.Co)တို့၏ မိခင်၊ မပွင့်သရဖီ(ခ)ပူးပူး(Y.I.E.C)၊ မသိမ့်သရဖီ (ခ) Cookie (Y.I.E.C)၊ မောင်နေဝင်းထက် (ခ) Du Du (Y.I.E.C)၊ အဲအဲလေးတို့၏အဘွားသည် ၂၈-၉-၂၀၀၃ရက် နံနက် ၈း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၀-၉-၂၀၀၃ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာ
ဦးအောင်မြင့်
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၆၄၄/ခ နေ (ဦးခင်မောင်မောင်၊ အကောက်ခွန်)-ဒေါ်ခင်ယုတို့၏သား၊ ဦးကျင်မြှောင်-ဒေါ်ဌေးဌေးလှတို့၏သားသမက်၊ Dr. ချယ်ရီမြိုင်၏ခင်ပွန်း၊ မစုမြတ်သီတာ (ဂျူးဂျူး)၊မစုမြတ်နန္ဒာ(E.C.GTC)၊ မစုမြတ်မြတ်အောင်(2nd MB)တို့၏ဖခင်သည် ၂၇-၉-၂၀၀၃ရက် (စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၉-၂၀၀၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ နာဂိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၄)ဝါ

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ ဝေဇယန္တာစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၄)ဝါရှိ ဆရာတော် ဘဒ္ဒန္တ နာဂိန္ဒ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက် (၂၈-၉-၂၀၀၃ရက်)တနင်္ဂနွေနေ့ နံနက် ၆း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက် (၂-၁၀-၂၀၀၃ရက်) ကြာသပတေးနေ့၌ အန္တိမဈာပန ပူဇာသဘင်ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဝေဇယန္တာစာသင်တိုက်၏ သာသနာ့နုဂ္ဂဟအသင်း။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပြည်မြို့မူလတက္ကသိုလ်တိုက်
ဘဒ္ဒန္တ အကုံရ မဟာထေရ်
သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ပဲခူးတိုင်း၊ ပြည်မြို့၊ ဆံတော်နယ်မြေ၊ ဆေးရေးရပ် မူလတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အကုံရ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ ရက် (၂၅-၉-၂၀၀၃ရက်) ကြာသပတေးနေ့ ည၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၁၃၆၅ခုနှစ် သီတင်းကျွတ် လဆန်း ၅ ရက်(၃၀-၉-၂၀၀၃ရက်) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိဈာပနစီရင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
မူလတက္ကသိုလ်တိုက်၊ပြည်မြို့။

ဒေါ်ခင်ဆိုင်(ခ)ငေါ်ခင်ဆိုင်
(ဥက္ကံမြို့)
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၄၇ နေ (ဦးစိန်ခက်)၏ဇနီး၊ တော်ရှင်ကုတ်-ဒေါ်ကျင်မေ၊ တော်ကွီးရှင်း-ဒေါ်ခင်နီ၊ ဦးထွန်းလင်း-ဒေါ်နွယ်နွယ်ဝင်း၊ ဦးမြအေး-ဒေါ်ခင်အေးသင်း၊ ဦးထွန်းနိုင်-ဒေါ်မိမိလွင်၊ ဦးရှင်မျိုး-ဒေါ်ဝါဝါလွင်၊ ဦးကျော်ဝင်း-ဒေါ်ရှုစွမ်၊ ဒေါ်ခင်ဝင်းမြင့်-ဦးသိန်းစိုး၊ ဒေါ်ခင်ချိုချိုတို့၏မိခင်၊ မြေး ၂၅ ယောက်တို့၏ အဘွား၊ မြစ် ၁၂ ယောက်တို့၏အဘေးသည် ၂၇-၉-၂၀၀၃ရက် (စနေနေ့) ညနေ ၄း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ရွှေ (ညောင်တုန်းမြို့)
အသက်(၈၃)နှစ်

ညောင်တုန်းမြို့နယ်၊သောင်တန်းကျေးရွာကျောင်း ဆရာတော် ဦးပဏ္ဍိတ၏ ရဟန်းဒါယိကာမကြီး၊ ညောင်တုန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ၁၉ လမ်းနေ (ဦးကံညွှန့်)၏ဇနီး၊ ဒေါ်နော်ကြီး၊ ဦးသန်းအေး (အထက-၂၊သာကေတ)-ဒေါ်မေမေခင် (အမက၊ မြို့မမြောက်၊ သန်လျင်)၊ ဗိုလ်ကြီးအောင်နိုင်ဦး-ဗိုလ်မြင့်မြင့်သန်း (တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ)တို့၏ အဘွားသည် ၂၈-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် တိုက် ၁၀၊ အခန်း ၂၊ ပျဉ်းမပင်အိမ်ရာတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (တိုက် ၁၀၊ အခန်း ၂၊ ပျဉ်းမပင်အိမ်ရာ၊ မင်္ဂလာဒုံမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုထင်ကျော်(ခ)ကျော်ကျော်
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၄)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ် ၁၂၄၉ နေ ဦးတင်ဦး-ဒေါ်သန်းမြတို့၏သားကြီး၊ ကိုရဲထွတ်၊ ကိုမြင့်မောင်မောင်၊ မစုစုလှိုင်၊မတင်မိုးခိုင်တို့၏ အစ်ကိုကြီးသည် ၂၈-၉-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းအမ
ဆရာမကြီးဒေါ်အေးမေ
(ကျိုက်လတ်မြို့)
အသက်(၈၈)နှစ်

(ရှေ့နေဦးဘ-ဒေါ်စိန်[ကျိုက်လတ်]) တို့၏သမီး၊ (ဦးထွန်းအေး၊ ဦးထွန်းတင် တို့၏ ညီမ၊ ဒေါ်ငွေတင်၊ ဦးကျော်တင့်) တို့၏အစ်မ၊ ဦးထွန်းရင်၊ ဦးအေးမောင်၊ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)-ဒေါ်တင်နွဲ့အေးတို့၏ အစ်မ၊ ဦးအေးသန်း (ခေတ္တ-စင်ကာပူ)-ဒေါ်သီသီတင့်တို့၏မိခင်၊ မလင်းတင့်ကိုကို၊ မောင်ဖြိုးသန်းကိုကို၊ မဟန်သီကိုကိုတို့၏ အဘွားသည် ၂၇-၉-၂၀၀၃ရက် နံနက် ၇း၄၃ နာရီတွင် အမှတ် ၄၉၊ တပင်ရွှေထီးလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၁၀-၂၀၀၃ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငယ်(ခ)တန်ရှုယန်
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊အမှတ်၉၆၊ ၁၃လမ်းနေ (လင်စိန်ဘုတ်(ခ)ဦးဘောဂ)၏ဇနီး၊ (ဦးမောင်လှ)-ဒေါ်ခင်မြ၊ ဒေါ်ကျင်နု-ဦးမောင်ဝင်း၊ ဦးမောင်ပု-ဒေါ်ကျင်စိန်၊ ဦးမောင်ဝင်း-ဒေါ်ခင်ချို၊ ဒေါ်လှလှ-(ဦးလေဝိုး)၊ ဒေါ်ချိုချိုသူ-ဦးကျော်လှိုင်၊ ဦးသောင်းစိန်-ဒေါ်ခင်ချိုဝင်း၊ မမာလာချိုတို့၏မွေးသမိခင်၊ မြေး ၁၇ ယောက်၏အဘွားသည် ၂၆-၉-၂၀၀၃ ရက် (သောကြာနေ့)နံနက် ၈း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၀၃ ရက်(အင်္ဂါနေ့)တွင် နေအိမ်မှ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါ မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မသန်းသန်းဆင့်(ခ)မိငယ်
A.G.T.I (Civil)
(1995၊ အင်းစိန်)
B.Sc(Phy) MBA (1st Year)
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၊ မြေညီထပ်၊ ပုညဝနလမ်း၊ မလွကုန်း ဌေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးရွှေဟောင်း)-ဒေါ်ရှုခင်တို့၏မြေး၊ ဦးအောင်မြင့်-ဒေါ်သန်းနု(ကုန်သွယ်/ ဆေး၊ငြိမ်း)တို့၏တစ်ဦးတည်းသောသမီး၊ မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ သရက်တောကျေးရွာနေ ဦးဘသောင်း-ဒေါ်ခင်ကြူတို့၏ ချွေးမ၊ မောင်စိုးမိုးအောင်၊ မောင်အောင်မျိုးသန့်(ခေတ္တ-စင်ကာပူ)တို့၏ ညီမ၊ မောင်မျိုးဝင်း(ခေတ္တ-စင်ကာပူ) ၏ဇနီးသည် ၂၆-၉-၂၀၀၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၉-၂၀၀၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

အမျိုးသားညီလာခံပြန်လည်ကျင်းပရေးသည် အရေးအကြီးဆုံးလုပ်ငန်းစဉ်ဖြစ် ညီလာခံကသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများချမှတ်ပေးနိုင်မည်

ထောက်ခံ ကြွေးကြော်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာအားကစားကွင်း၌ကျင်းပပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်စဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအဆိုကို မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ယုယုကြည်က တင်သွင်းစဉ်။ **(သတင်းစဉ်)**

■ ***ရှေ့ဖုံးမှ***

စက်တပ်ရေယာဉ် လုပ်သားများအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သူနာပြုများ၊ ဘဏ်အသင်းဝင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ကချင်မျိုးနွယ်စုဝင်များ ဖြစ်ကြသော ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လော်ဝေါ်၊ လာချိဒ်နှင့် ဇိုင်ဝါးတိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းမျိုးနွယ်စုဝင်များဖြစ်ကြသော တိုင်းလုံ၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းလိုင်နှင့် တိုင်း ခန္တီးတိုင်းရင်းသား တိုင်းရင်းသူများ၊ မြစ်ကြီးနား ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်နှင့် ပူတာအိုခရိုင်တို့မှ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၇၅၀၀ ကျော်တို့ တစ်ခဲနက်တက်ရောက်ကြသည်။

လူထုအစည်းအဝေး မစတင်မီ စစ်ကြောင်းမှူး မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးချစ်ဦး ခေါင်းဆောင်သည့် မေခစစ်ကြောင်းတွင် ပါဝင်သော တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဒေသခံပြည်သူများသည် အလံကိုင်အဖွဲ့ဝင်များနှင့် ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်လျက် သတ်မှတ်နေရာဖြစ်သော မနောကွင်းမှ လူထုအစည်းအဝေးကျင်းပရာ ငြိမ်းချမ်းသာယာ အားကစားကွင်းအတွင်းသို့ ချီတက်ကာ စနစ်တကျနေရာယူကြသည်။

အလားတူပင် စစ်ကြောင်းမှူး မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစံလင်း ခေါင်းဆောင်သည့် မလိခစစ်ကြောင်းတွင် ပါဝင်သော ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသား တိုင်းရင်းသူများ၊ အစိုးရမဟုတ်သော လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရဲမေများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် ဒေသခံပြည်သူများသည် သတ်မှတ်နေရာဖြစ်သည့် ပြည်နယ်ဂေါက်ကွင်းမှ အလံကိုင်အဖွဲ့ဝင်များနှင့် ဘင်ခရာအဖွဲ့ဝင်များ ဦးဆောင်လျက် လူထုအစည်းအဝေးကျင်းပရာ ငြိမ်းချမ်းသာယာ အားကစားကွင်းအတွင်းသို့ချီတက်ကာ စနစ်တကျနေရာယူကြသည်။

ထို့အတူပင် စစ်ကြောင်းမှူး မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးမင်း ခေါင်းဆောင်သော မြစ်ဧရာစစ်ကြောင်းတွင် ပါဝင်သော ကချင်ပြည်နယ်အတွင်းရှိ ရှမ်းမျိုးနွယ်စုဝင်

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအဆိုကို ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စု စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းသိန်းအောင် ထောက်ခံဆွေးနွေးစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအဆိုကို ကချင်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဝင် တရားရုံးချုပ်ရှေ့နေ ဒေါ်အင်ဘရန့်ဒွဲဘူက ထောက်ခံဆွေးနွေးစဉ်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ	ယခင်	ယခု
အသားတင်စိုက်ပျိုးမြေ	၃ ဒသမ ၆ သိန်း	၅ ဒသမ ၆ သိန်း
ဆည်မြောင်းတာတမံ၊မြစ်ရေတင်		၆ ခု
လမ်းများ	အရှည်မိုင် ၂၀၀၀ ကျော်	အရှည်မိုင် ၂၆၀၀ ကျော်
ပေ ၁၈၀ အထက်တံတားများ		၁၁ စင်း (တည်ဆောက်ဆဲ ၆ စင်း)
ဆက်သွယ်ရေးလုပ်ငန်းများ အော်တိုတယ်လီဖုန်း ဂြိုဟ်တုဆက်သွယ်ရေးစခန်း ကျေးလက်ဆက်သွယ်ရေးစခန်း		ဒီဂျစ်တယ်မိုက္ကရိုဝေ့ဗ်စခန်း ၁၃ ခု မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင်၊ ရွှေကူ၊ ဖားကန့်၊ နမ္မတီး ပူတာအို၊ ပန်းဝါ၊ ချီဖွေ၊ တနိုင်း၊ ဆွမ်ပရာဘွမ် ၁၂ ခု
အထက်တန်းကျောင်း အလယ်တန်းကျောင်း မူလတန်းလွန်ကျောင်း မူလတန်းကျောင်း ကောလိပ် တက္ကသိုလ် နည်းပညာကောလိပ် ကွန်ပျူတာကောလိပ် ဒီဂရီကောလိပ်	 ၁ ခု	၁၃ ကျောင်း ၁၇ ကျောင်း ၁၁၄ ကျောင်း ၁၀၁ ကျောင်း ၁ ခု ၂ ခု ၂ ခု ၁ ခု
ဆေးရုံ	၃၅ ခု	၄၃ ခု

ယနေ့ထုတ်စောင်ရေ ၂၀၂၈၃၈

29-9 (20).p65 1 3/26/05, 9:01 PM